မွန်လူ့ထုအသံ
The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ (၄)၊ အမှတ် (၂)၊ ဧပြီလ ၁၅၊ ၂၀၁၆ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

သံလွင်အရှေ့ခြမ်းမွန်ဒေသရှိ တောင်သူလယ်သမားများနှင့် မြေယာအသုံးချသူများ၏ နှီးနှောဖလှယ်ပွဲမှ အသံများ

ဧပြီ ၁၊ ၂၀၁၆

'တရားနည်းလမ်းကျကျ ဖြေရှင်းပေးမယ့်နေ့ကို မျှော်လင့်နေတုန်းပဲ' ဟု သံလွင်အရှေ့ခြမ်း မွန်ဒေသရှိ တောင်သူလယ်သမားများနှင့် မြေယာအသုံးချသူများ၏ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော လယ်သမားတစ်ဦးက ပြောပါသည်။

မြန်မာနိုင်ငံတွင် မြေယာပြဿနာသည် ပြည်တွင်းစစ်ပြီးနောက် ဒုတိယအကြီးမားဆုံးပြဿနာတစ်ခုဖြစ်သည်။

▲ စာမျက်နှာ ၁၀ သို့

မကျည်းချောင်းဝရွာသား ၂ ကို ဒေသခံစစ်တပ်မှ ဗိုလ်ကြီးက ဝစ်သတ်

မတ် ၂၁၊ ၂၀၁၆

၂၀၁၆ မတ်လ (၉) ရက်နေ့တွင် အမှတ် (၂၈၀) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီး တစ်ဦးက မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်း ခေါဇာမြို့နယ်ခွဲ မကျည်းချောင်းဝကျေးရွာမှ ရွာသား (၂) ဦးကို ပစ်သတ်ခဲ့ကြောင်း သိရသည်။

▲ စာမျက်နှာ ၃ သို့

ပေါင်မြို့နယ်ရှိ ကျောက်ထုတ်လုပ်ငန်း ကုမ္ပဏီများကြောင့် ဒေသခံများ ဘေးထွက်ဆိုးကျိုး ခံစားနေရ

မတ် ၃၁၊ ၂၀၁၆

မွန်ပြည်နယ်၊ ပေါင်မြို့နယ် ကတိုက်နှင့် အင်းပြောင်ကျေးရွာအုပ်စု အနီးတဝိုက်တွင် ကျောက်ထုတ်လုပ်ငန်း ကုမ္ပဏီများက မိုင်းခွဲ၍ လမ်းခင်းကျောက် တူးဖော်ထုတ်လုပ်ခြင်းကို ကျယ်ပြန့်စွာ လုပ်ကိုင်နေရာ ၎င်းကျောက်မိုင်းများမှ ထွက်ရှိလာသော ဘေးထွက်ဆိုးကျိုးကြောင့်

▲ စာမျက်နှာ ၂ သို့

ဒုတိယအကြိမ် မွန်အမျိုးသမီးညီလာခံကို မော်လမြိုင်တွင် ပြုလုပ်ကျင်းပ

မတ် ၂၂၊ ၂၀၁၆
အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်

ဒုတိယအကြိမ် မွန်အမျိုးသမီးညီလာခံကို ၂၀၁၆ မတ် (၁၉) နှင့် (၂၀) ရက်နေ့များတွင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ပိုင်ခေတ် ခန်းမတွင် ကျင်းပခဲ့သည်။

ညီလာခံကို မွန်အမျိုးသမီးကွန်ရက်နှင့်အတူ မွန်ပြည်နယ်နှင့် ထိုင်းမြန်မာနယ်စပ်မှ အဖွဲ့အစည်းများဖြစ်သော စံပြမွန်လူမှုအဖွဲ့အစည်း၊ စေတနာဖောင်ဒေးရှင်း၊ တိုးတက်သောမွန်လူငယ်များအစည်းအရုံး၊ မွန်လူငယ်ပညာပေးအဖွဲ့၊ နယ်စပ်ကျန်းမာရေးအဖွဲ့နှင့် မွန်အမျိုးသမီးအစည်းအရုံးတို့က ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။

ညီလာခံသို့ ဒေသအသီးသီးရှိ အဖွဲ့အစည်း (၂၂) ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း (၁၁၈) ဦး တက်ရောက်ခဲ့သည်။

▲ စာမျက်နှာ ၅ သို့

ရေးမြို့နယ်တောင်ပိုင်း ခေါဇာမြို့နယ်ခွဲတွင် အသက် [၄] နှစ်အရွယ်ကလေးတစ်ဦး အဓမ္မပြုကျင့်ခံရ စာ-၄
ခွဲထွက်လက်နက်ကိုင်တပ်ဖွဲ့များကမကြာခဏဆက်ကြေးတောင်းခံလျက်ရှိကြောင်း ရေပြုဒေသခံများက ဖွင့်ဟ စာ-၆
ရေးမော်လမြိုင် ကားလမ်းမကြီး တစ်လျှောက်ရှိနေအိမ်များ လမ်းပြုပြင်နေစဉ်အတွင်း လေထုညစ်ညမ်းမှု ခံစားနေရ စာ-၈
သံလွင်အရှေ့ခြမ်းမွန်ဒေသရှိ တောင်သူလယ်သမားများနှင့် မြေယာအသုံးချသူများ၏ နှီးနှောဖလှယ်ပွဲမှ အသံများ စာ-၁၁

ပေါင်မြို့နယ်ရှိ ကျောက်ထုတ်လုပ်ငန်း ကုမ္ပဏီများကြောင့် ဒေသခံများ ဘေးထွက်ဆိုးကျိုး ခံစားနေရ

▲ စာမျက်နှာ – ၁ မှ အဆက်

မတ် ၃၁၊ ၂၀၁၆

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်နှင့် အင်းပြောင်ကျေးရွာအုပ်စု အနီးတဝိုက်တွင် ကျောက်ထုတ်လုပ်ငန်း ကုမ္ပဏီများက မိုင်းခွဲ၍ လမ်းခင်းကျောက် တူးဖော်ထုတ်လုပ်ခြင်းကို ကျယ်ပြန့်စွာ လုပ်ကိုင်နေရာ ၎င်းကျောက်မိုင်းများမှ ထွက်ရှိလာသော ဘေးထွက်ဆိုးကျိုးကြောင့် ဒေသခံများ လူနေမှုဘဝ၊ စားဝတ်နေရေးနှင့် ကျန်းမာရေးကို ထိခိုက်လျက်ရှိကြောင်း သိရသည်။

၎င်းကျောက်မိုင်းများ တူးဖော်ထုတ်လုပ်ခွင့်ပြုရာတွင်လည်း ဒေသခံများ၏ သဘောထားကို ရယူခြင်းမရှိသည့်အပြင် ဒေသခံရွာသူ၊ ရွာသားများ၏ ကျန်းမားရေး လူမှုအရေး ထိခိုက်နှစ်နာမှုများအတွက် အကာအကွယ်ပေးသည့် အစီအမံများလည်း ကြိုတင်လုပ်ဆောင်ခဲ့ခြင်း မရှိချေ။ ၎င်းအပြင် လက်ရှိ ကြုံတွေ့နေရသော ဒုက္ခများကို တာဝန်ရှိသူ မည်သူတစ်ဦးတစ်ယောက်ကမျှ ညှိနှိုင်းဖြေရှင်းပေးခြင်း မရှိခဲ့ချေ။

ကျောက်မိုင်းဖောက်ခြင်းမှ လွင့်စင်လာသော ကျောက်အပိုင်းအစများကြောင့် ဒေသခံများ စိုက်ပျိုးထားသော စိုက်ခင်းများ၊ ဥယျာဉ်ခြံများ ပျက်စီးခြင်း၊ ဒေသခံများ၏ ဘဝရပ်တည်ရေးအတွက် မှီခိုအားထားရသော တော၊ တောင်၊ သစ်ပင်များ ပျက်စီးခြင်းများ ရှိခဲ့သည်။ ထို့ကြောင့် ထင်း၊ ဝါး၊ ကြိမ် ရှာဖွေထုတ်လုပ်ခြင်းနှင့် သစ်တောထွက် ပစ္စည်းများအပေါ်တည်မှီပြီး ရှာဖွေစားသောက်နေကြရသော ကတိုက်၊ အင်းပြောင်ကျေးရွာအုပ်စုများမှ ရွာသားများအပြင် အနီးပတ်ဝန်းကျင်ရှိ ရင်ငြိမ်း၊ ရွာတန်းရှည်၊ ဖြူဘ၊ သဲကုန်း၊ ညောင်းကုန်း၊ ပန်းကုန်း၊ ဇင်းကျိုက် စသည့် ကျေးရွာများမှ တိုင်းရင်းသားတို့၏ မိရိုးဖလာ အသက်မွေးဝမ်းမှုကိုပါ ထိခိုက်လာခဲ့သည်။

ကျောက်မိုင်းများသည် လူနေအိမ်၊ စာသင်ကျောင်း အနီးပတ်ဝန်းကျင်တွင် တည်ရှိနေသဖြင့် ကျောက်ထုတ်လုပ်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များသည် ကျေးရွာများ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေရုံသာမက ဒေသခံများ၏ အသက်န္တရာယ်၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် နေထိုင်စားသောက်မှုကိုပါ ထိခိုက်စေကြောင်း ဒေသခံများ ပြောပြချက်အရ သိရသည်။

''တစ်ချို့ကျောက်မိုင်းတွေက အရမ်းကြီးတော့ မိုင်းဖောက်တဲ့အခါ ရွာရဲ့ တော၊ တောင် မြေအနေအထားတွေ နဂိုပုံစံကနေ မြန်မြန်ပဲပျက်စီးလာတယ်။ ရေတွေလည်း ခန်းလာတယ်။ အဲကနေ (လွင့်)စင်လာတဲ့ ကျောက်တွေဆို အိမ်တွေ၊ စာသင်ကျောင်းတွေမှာ လာကျတော့ လူတွေရဲ့ အသက်အန္တရာယ်ကိုပါ စိုးရိမ်နေရတယ်။ ကျောက်သယ်တဲ့ ခြောက်ဘီးကား၊ ရှစ်ဘီးကားတွေဆိုရင်လည်း ရွာထဲက လမ်းကိုပဲ နေ့တိုင်း ဖြတ်နေတော့ မိုးတွင်းဆို လမ်းတွေက ချိုင့်ခွက်ဖြစ်ပြီး ပျက်စီးကုန်တယ်။ နွေမှာဆိုရင်လည်း ဖုန်တအားထတော့ ဒီဖုန်မှုန့်တွေကိုပဲ နေ့စဉ်နဲ့အမျှ ရှူရှိုက်နေရတဲ့အတွက် ရေရှည်မှာ ကျန်းမာရေးလည်း ထိခိုက်လာမယ်'' ဟု ဒေသခံတစ်ဦးက ပြောပါသည်။

''ကတိုက်ရေလှောင်တမံ အနားတစ်ဝိုက်မှာ ကျောက်မိုင်း ဖောက်မယ်ဆိုရင် ရေလှောင်တမံပျက်စီးပြီး ရေကြီး ရေလွှမ်းတာတွေ ဖြစ်လာနိုင်တဲ့အတွက် မြေနိမ့်ပိုင်းမှာရှိတဲ့ အင်းပြောင်၊ ကတိုက်၊ တံခွန်တိုင်၊ ကျောက်ရေတွင်း၊ ပေါက်တော၊ ရင်းငြိမ်းအပြင် သထုံမြို့နယ်က ရွာတစ်ချို့လည်း ရေးကြီးရေလျှံမှုတွေ ဖြစ်လာမှာကို စိုးရိမ်နေရတယ်'' ဟု ၎င်းက ဆက်ပြောသည်။

ထို့ကြောင့်အဆိုပါ ကျောက်မိုင်းလုပ်ငန်းများနှင့် ပက်သက်၍ ကတိုက်၊ အင်းပြောင်မှ ဒေသခံများအနေဖြင့် အလေးအနက် ကန့်ကွက်ပါကြောင်းနှင့် ၎င်းလုပ်ငန်းများ ချက်ချင်းရပ်ဆိုင်းစေရေး၊ မိမိတို့ ဒေသအနီးတွင် ကျောက်မိုင်းအသစ်များ ထပ်မံမပေါ်ပေါက်ရေးတို့အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးချုပ်ထံ ဒေသခံတိုင်းရင်းသား (၇၀၀) ကျော်၏ လက်မှတ်များဖြင့် တင်ပြတောင်းဆိုထားသော်လည်း ဆက်လက်လုပ်ကိုင်လျက်ရှိနေကြောင်း သိရသည်။

''ဒေသခံရွာသားတွေက မွန်ပြည်နယ်အစိုးရအဖွဲ့ကို စာတင်ထားလို့ ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန က ဦးမြင့်နိုင်က လာကြည့်တယ်။ ဘာမှ ပျက်စီးသွားတာမရှိလို့ ကျွန်တော်တို့ ဆက်လုပ်နေတယ်'' ဟု ချိုမေတ္တာကုမ္ပဏီမှ မန်နေဂျာ ဦးတင့်ဇော်က ပြောသည်။

ကျောက်ထုတ်လုပ်ငန်းများ၊ ကုမ္ပဏီများသည် ကျောက်မိုင်းလုပ်ရန်အတွက် အစိုးရထံ တရားဝင်ခွင့်ပြုချက် နှစ် (၃၀) ရရှိထားပြီဖြစ်ပြီး တစ်နှစ်လျှင် တစ်ကြိမ် ကျောက်ထုတ်လုပ်သော ကုမ္ပဏီများမှ အစိုးရထံသို့ လုပ်ငန်းဆက်လက် လုပ်ကိုင်လိုကြောင်း လျှောက်လွှာတင်ရသည်။ ယခုလက်ရှိ ကျောက်ထုတ်လုပ်နေသော ကုမ္ပဏီများမှာ ချိုမေတ္တာကုမ္ပဏီ၊ ငွေသြဇာကုမ္ပဏီ၊ ယူနစ်ဘဲလုကုမ္ပဏီ၊ တယုံအင်ပါယာ၊ ပအိုဝ့်ငြိမ်းချမ်းရေးကျောက်ထုတ်လုပ်ရေးအမှတ် (၂)၊ ရွှေတောင်လွင်ဒါနထန်ဒီ ကုမ္ပဏီ၊ Hightea Company နှင့် အကျဉ်းဦးစီးဌာနကုမ္ပဏီတို့ ဖြစ်သည်။

မကျည်းချောင်းဝရွာသား ၂ ကို ဒေသခံစစ်တပ်မှ ဗိုလ်ကြီးက ပစ်သတ်

▲ စာမျက်နှာ – ၁ မှ အဆက်

မတ် ၂၁၊ ၂၀၁၆

၂၀၁၆ မတ်လ (၉) ရက်နေ့တွင် အမှတ် (၂၈၀) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးတစ်ဦးက မွန်ပြည်နယ် ရေးမြို့နယ် တောင်ပိုင်း ခေါဇာမြို့နယ်ခွဲ မကျည်းချောင်းဝကျေးရွာမှ ရွာသား (၂) ဦးကို ပစ်သတ်ခဲ့ကြောင်း သိရသည်။

သေဆုံးခဲ့သူ (၂) မှာ နိုင်အမိုး (၄၁ နှစ်) နှင့် နိုင်ချစ်စိုး (၂၁ နှစ်) ဖြစ်ပြီး မကျည်းချောင်းဝကျေးရွာတွင် ငါးဖမ်းလုပ်ငန်းကို နှစ် (၂၀) ကြာ လုပ်ကိုင်ခဲ့သူများ ဖြစ်သည်။

အခင်းဖြစ်ပွားချိန်မှာ မတ်လ (၉) ရက်နေ့ ညသန်းခေါင်ပတ်ဝန်းကျင်တွင် ဖြစ်ပြီး အမှတ် (၂၈၀) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးဖော်မျိုးထက်သည် အဖွဲ့ဝင် (၆) ဦးနှင့်အတူ ကျေးရွာဥက္ကဋ္ဌကို ကြိုတင်အသိပေး အကြောင်းကြားခြင်းမရှိဘဲ ကျေးရွာတွင်းသို့ ဝင်ရောက်လာခဲ့သည်။

နိုင်အမိုးသည် မသန်စွမ်းသူတစ်ဦးဖြစ်ပြီး အခင်းဖြစ်ပွားသည့်ညတွင် ငါးဖမ်းပိုက်ဆင်ရန် အိမ်အောက်သို့ ဆင်းလာခဲ့သည်။ အိမ်ရှေ့တွင် လမ်းလျှောက်နေစဉ် ဗိုလ်ကြီးဖော်မျိုးထက်က ၎င်းကို သေနတ်ဖြင့် (၆) ချက် ပစ်သတ်ခဲ့ပြီး မျက်နှာကိုလည်း ဓားဖြင့်လှီးခဲ့သည်။ နိုင်အမိုးသည် အခင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့သည်။ သေနတ်သံကြားသဖြင့် ပြေးထွက်လာသော မောင်ချစ်စိုးကိုလည်း ၎င်းဗိုလ်ကြီးက သေနတ်ဖြင့် (၃) ချက် ပစ်ခတ်ခဲ့သည်။ မောင်ချစ်စိုးအနေဖြင့် ပစ်ခတ်ခံရချိန်တွင် အသက်ရှင်နေသေးသော်လည်း နောက်ပိုင်းတွင် သွေးထွက်လွန်သဖြင့် သေဆုံးခဲ့ရသည်။

ရွာသားနှစ်ဦးကို မှားယွင်းစွာ ပစ်ခတ်မိခဲ့ကြောင်း စစ်တပ်က ပြောဆိုခဲ့သည်။ သေဆုံးသူ (၂) ဦးစလုံးမှာ ကျေးရွာဥက္ကဋ္ဌနိုင်ခဲနှင့် ဆွေမျိုးတော်စပ်သူများ ဖြစ်သည်။ နိုင်အမိုးသည် နိုင်ခဲ၏ညီဖြစ်ပြီး နိုင်ချစ်စိုးသည် ၎င်း၏သမက် ဖြစ်သည်။

အမှတ် (၂၈၀) ခြေမြန်တပ်ရင်းသည် ၎င်းဒေသသို့ ရောက်ရှိလာသည်မှာ လပိုင်းမျှသာ ရှိသေးပြီး မကျီးချောင်ဝ၊ မိထောလှာနှင့် ခနိကြားကျေးရွာများတွင် လှုပ်ရှားလျက်ရှိသည်။ ၎င်းခြေမြန်တပ်ရင်းအနေဖြင့် တပ်ရင်းထောက်ပံ့ရေးအတွက် တစ်လလျှင် ဆန်တစ်အိတ်နှင့် ငွေ (၁) သိန်း ကောက်ခံပေးရန် မကျီးချောင်းဝ ကျေးရွာဥက္ကဋ္ဌအား အမိန့်ပေးခဲ့သည်။ မကျီးချောင်းဝရွာသူ၊ ရွာသားအများစုမှာ တစ်နေ့လုပ်မှ တစ်နေ့စားရသူများဖြစ်သဖြင့် ကျေးရွာဥက္ကဋ္ဌအနေဖြင့် တောင်းဆိုသည့်အတိုင်း ကောက်ခံပေးရန် မဖြစ်နိုင်ချေ။

တောင်းဆိုသည့်အတိုင်း ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသဖြင့် ကျေးရွာဥက္ကဋ္ဌကို စစ်တပ်က မကျေမနပ်ဖြစ်နေသည့်အပြင် ဗိုလ်ကြီးဖော်မျိုးထက်အနေဖြင့်လည်း ကျေးရွာဥက္ကဋ္ဌအပေါ်တွင် ငွေ (၁၃၅၀၀၀) ကျပ် အကြွေးတင်နေသည်။ ၎င်းအကြွေးကို ပြန်မဆပ်ချင်သဖြင့် ကျေးရွာဥက္ကဋ္ဌအား သတ်ဖြတ်ရန်ကြံစည်ရာမှ လူသတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌနိုင်ခဲက ပြောပါသည်။

''သေနတ်နဲ့ ပစ်သတ်ပြီးမှ လူမှားတယ်ပြောတယ်၊ ဒါက မှားစရာလား၊ ကျွန်တော့်ရဲ့ညီ ခြေထောက်တစ်ဖက်နဲ့ဆိုတာ (မသန်စွမ်းသူ နိုင်အမိုး) သူသိသိကြီးနဲ့ပဲ ပစ်လိုက်တာပါ။ ကျွန်တော့်ညီကို ကျွန်တော်နဲ့ မှားတာထားလိုက်ပါတော့၊ ကျွန်တော့်သမက်ကိုပါ ထပ်ပစ်တယ်။ ဒါကရော မှားတယ်လို့ ပြောဦးမလား။ သူတို့အဖွဲ့ ရွာထဲဝင်လာတဲ့ အချိန်မှာ ဓားပြလိုပဲ ဝင်လာခဲ့တယ်။ (သူတို့ကို) ဓားပြထက်တောင် ကြောက်နေရတယ်'' ဟု ကျေးရွာဥက္ကဋ္ဌနိုင်ခဲက ပြောပါသည်။

ပစ်ခတ်ခံရချိန်တွင် အသက်ရှိနေသေးသော နိုင်ချစ်စိုးကို ရွာသားများက ရေးမြို့နယ်ဆေးရုံသို့ ပို့ဆောင်ရန် စီစဉ်ခဲ့သော်လည်း ဗိုလ်ကြီးဖော်မျိုးထက်၏ တားမြစ်မှုကြောင့် နိုင်ချစ်စိုးမှာ သွေးထွက်လွန်ပြီး သေဆုံးခဲ့ရသည်။

''အမိုးက ပွဲချင်းပြီးသေသွားတာ။ မျက်နှာကိုလည်း ဓားနဲ့ အလှီးခံရတယ်။ ကျွန်တော့်သမက် မောင်ချစ်စိုးက (၃) ချက်ထိသွားတယ်။ ဒါပေမယ့် အသက်ရှိနေသေးတယ်။ ရွာကလူတွေက လူနာတင်ကား သွားခေါ်ဖို့လုပ်တော့ သူ(ဗိုလ်ကြီးဖော်မျိုးထက်)က 'တစ်ယောက်မှ မလှုပ်နဲ့၊ လူနာတင်ကား ပေးမခေါ်ဘူး'လို့ အော်ပြောတယ်။ ဒါကြောင့်ဒဏ်ရာပြင်းတဲ့မောင်ချစ်စိုးက သွေးထွက်လွန်ပြီး သေခဲ့ရတယ်'' ဟု ၎င်းက ဆက်ပြောပါသည်။

နိုင်ချစ်စိုး၏ လက်ကိုင်ဖုန်းကိုလည်း စစ်တပ်က သိမ်းယူသွားကြောင်း နိုင်ခဲက ပြောပါသည်။

▲ စာမျက်နှာ ၄ သို့

ရေးမြို့နယ်တောင်ပိုင်း ခေါဇာမြို့နယ်ခွဲတွင် အသက် (၄) နှစ်အရွယ်ကလေးတစ်ဦး အဓမ္မပြုကျင့်ခံရ

မတ် ၃၁၊ ၂၀၁၆
အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်

ရေးမြို့နယ်တောင်ပိုင်း ခေါ်ဇာမြို့နယ်ခွဲရှိ ကဗျာဝကျေးရွာတွင် ၂၀၁၆ မတ်လ (၂၂) ရက်နေ့၌ အသက် (၄) အရွယ် ကလေးငယ်တစ်ဦး အဓမ္မပြုကျင့်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပင်လယ်ကမ်းစပ်အနီးတွင် နေထိုင်သော ကလေးငယ်သည် ည (၇) နာရီအချိန်ခန့်တွင် အိမ်ရှေ့၌ ကစားနေစဉ် အိမ်နီးနားချင်းဖြစ်သူ မောင်.......... အသက် (၁၄) နှစ်က ပင်လယ်ကမ်းစပ်တစ်နေရာသို့ ကစားရန်ခေါ် ဆောင်သွားပြီး လှေပျက်တစ်ခုထဲတွင် အဓမ္မပြုကျင့်ခဲ့ကြောင်း ဒေသခံများ ပြောပြချက်အရသိရသည်။

ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဆန်းက ''အခင်းဖြစ်တဲ့နေ့မှာပဲ ကလေးကို ခေါ်ဇာမြို့ ဆေးရုံကိုပို့ပါတယ်။ ဆေးရုံမှာ ဆရာဝန်မရှိတဲ့အတွက် ရေးမြို့ဆေးရုံကို ချက်ချင်းပို့လိုက်ပါတယ်'' ဟုဆိုသည်။

အဓမ္မပြုခံရသူနှင့် ကျူးလွန်သူကလေး (၂) ဦးစလုံးမှာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ပြောင်းရွှေ့လာကြသော ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများဖြစ်ကြသည်။ ကျူးလွန်သူ မောင်.............. သည်ကဗျာဝကျေးရွာသို့ ပြောင်းရွှေ့လာသည်မှာ (၄) နှစ်ခန့်ရှိပြီး အဓမ္မကျင့်ခံရသော ကလေးသည် ရေးမြို့နယ် အစင်ကျေးရွာမှ ကဗျာဝရွာသို့ ပြောင်းလာသည်မှာ လပိုင်းမျှသာ ရှိသေးကြောင်း ဒေသခံများ ပြောပြချက်အရသိရသည်။

အဓမ္မပြုကျင့် ခံရခြင်းကြောင့် ကလေးငယ်၏ မိန်းမကိုယ်တွင် ဒဏ်ရာရှိခဲ့ပြီး အိမ်သို့ငိုယို၍ ပြန်လာသဖြင့် မိခင်နှင့်အဖွားတို့က မေးမြန်းရာ အကြောင်းစုံသိရပြီးနောက် (၂၀၁၆) ခုနှစ် မတ်လ (၂၃) ရက်နေ့ မနက်တွင် အဖွားဖြစ်သူက ခေါ်ဇာမြို့ ရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့သည်။

ယင်းအမှုနှင့် ပက်သက်၍ မတ်လ (၂၃) ရက်နေ့ နေ့လည် (၁း၃၀) ခန့်တွင် ခေါ်ဇာမြို့စခန်းမှူးနှင့် ကဗျာဝကျေးရွာဥက္ကဋ္ဌတို့က မောင်............... အား သွားရောက်ဖမ်းဆီးခဲ့သည်။ ၎င်းအား (ပ)ဂ/၂၀၁၆ ပြစ်မှုဆိုင်ရာပုဒ်မ (၃၇၆) ဖြင့် အမှုဖွင့်ထားပြီး ၎င်းအမှုကို ခေါ်ဇာမြို့ရဲစခန်းက ကိုင်တွယ်စစ်ဆေးနေကြောင်း သိရသည်။

▲ စာမျက်နှာ – ၃ မှ အဆက်

မကျည်းချောင်းဝရွာသား ၂ ကို ဒေသခံစစ်တပ်မှ ဗိုလ်ကြီးက ပစ်သတ်

''သူတို့က သိပ်ရက်စက်တယ်၊ ဒါကြောင့် အမှုကို အဆုံးထိလိုက်မယ်'' ဟု နိုင်ခဲက ပြောပါသည်။

၎င်းကိစ္စနှင့် ပတ်သက်ပြီး နိုင်ချစ်စိုး ၏ဇနီးဖြစ်သူအား အမှုကျေအေးပေးရန်အတွက် စစ်တပ်က ပိုက်ဆံပေးပြီး လက်မှတ်ထိုးခိုင်းခဲ့ သော်လည်း ဇနီးဖြစ်သူက လက်မှတ်ထိုးခဲ့ခြင်းမရှိချေ။

''သူတို့ လက်မှတ်ထိုးခိုင်းတယ်။ ကျေအေးဖို့အတွက်ပြောတာ။ ဒါပေမယ့် ကျွန်မလက်မခံခဲ့ဘူး။ ငွေသိန်း (၁၀၀) ပေးလည်း လက်မှတ်မထိုးနိုင်ဘူး။ ဒီအမှုကို ပြီးအောင် လိုက်မယ်'' ဟု နိုင်ချစ်စိုး၏ ဇနီးဖြစ်သူက ပြောပါသည်။

မကျီးချောင်းဝရွာသူ၊ ရွာသားများသည်ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းကြပြီး ယခုကဲ့သို့ လူသတ်မှု ဖြစ်ပွားပြီးနောက်ပိုင်း ဒေသခံများနှင့် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ကြောက်ရွံ့ထိတ်လန့်မှုကို ခံစားနေ ကြရသည်။ ၎င်းတို့၏ ငါးဖမ်းလုပ်ငန်းကိုလည်း လုံခြုံစိတ်ချစွာ ဆက်လက်လုပ်ကိုင် သွားနိုင်ရန် အခက်အခဲရှိနေကြောင်းလည်း သိရသည်။

''ဒီလိုအဖြစ်မျိုးနဲ့ မတွေ့ဘူးဘူး။ ဒီလိုဖြစ်နေရင် ကျွန်တော်တို့ ဘယ်လိုလုပ်စားကြမလဲ။ ကျွန်တော်တို့က ဒီဇာတိ မဟုတ်ဘူး။ ဒီမှာလာပြီး တံငါလုပ်နေတဲ့ သူတွေပါ။ ကျွန်တော်တို့ လှေထွက်ချိန်က ည (၁၂) နာရီလေ။ ဒီလိုဖြစ်နေတော့ ရွာပြောင်းဖို့ စီစဉ်နေပြီ။ မနေရဲတော့ဘူး'' ဟု မကျီးချောင်းဝတွင်းအနှစ် ၂၀ ခန့်နေခဲ့သော ရွှေ့ပြောင်းလုပ်သားတစ်ဦးက ပြောသည်။

• • • • • •

ဒုတိယအကြိမ် မွန်အမျိုးသမီးညီလာခံကို မော်လမြိုင်တွင် ပြုလုပ်ကျင်းပ

▲ စာမျက်နှာ – ၁ မှ အဆက်

မတ် ၂၂၊ ၂၀၁၆
အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်

ဒုတိယအကြိမ် မွန်အမျိုးသမီး ညီလာခံကို ၂၀၁၆ မတ် (၁၉) နှင့် (၂၀) ရက်နေ့များတွင် မော်လမြိုင်မြို့ မြိုင်သာယာ ရပ်ကွက် ပိုင်ခေတ်ခန်းမတွင် ကျင်းပခဲ့သည်။

ညီလာခံကို မွန်အမျိုးသမီး ကွန်ရက်နှင့်အတူ မွန်ပြည်နယ်နှင့် ထိုင်း–မြန်မာ နယ်စပ်မှ အဖွဲ့အစည်းများဖြစ်သော စံပြမွန်လူမှုအဖွဲ့အစည်း၊ စေတနာဖောင်ဒေးရှင်း၊ တိုးတက်သောမွန်လူငယ်များအစည်းအရုံး၊ မွန်လူငယ်ပညာပေးအဖွဲ့၊ နယ်စပ်ကျန်းမာရေးအဖွဲ့နှင့် မွန်အမျိုးသမီးအစည်းအရုံးတို့က ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။

ညီလာခံသို့ ဒေသအသီးသီးရှိ အဖွဲ့အစည်း (၂၂) ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း (၁၁၈) ဦး တက်ရောက်ခဲ့သည်။

ညီလာခံကျင်းပရေး ကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူ မိလဝီဟန်က ''ဒီနေ့ ဒီအချိန်ထိ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အမျိုးသမီးတွေ ပါဝင်ခွင့်က အတော်လေး နည်းနေသေးတယ်။ ဒါကြောင့် ဒီလိုမျိုး အမျိုးသမီးညီလာခံကို ကျင်းပရတာပဲ၊ ကျွန်မတို့ တိုင်းပြည်မှာ စည်းလုံးညီညွတ်ရေးက အတော်လေး အားနည်းနေတယ်။ (အားလုံး စည်းလုံးညီညွတ်ဖို့) ဒီညီလာခံမှာ အခြေခံ အုတ်မြစ်ချနိုင်အောင် ကျွန်မတို့လုပ်ရမယ်။ အနာဂတ်နိုင်ငံရေးနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အမျိုးသမီးအင်အား (၃၀) ရာခိုင်နှုန်းအထိ ပါဝင်နိုင်ဖို့ ကျွန်မတို့ ရည်ရွယ်လုပ်ဆောင်သွားမယ်'' ဟုပြော ကြားခဲ့ပါသည်။

နိုင်ငံရေးဖြစ်စဉ်နှင့် ခေါင်းဆောင်မှု အပိုင်းများတွင် အခြေအနေ အခွင့်အလမ်း ရရှိလာပါက မွန်အမျိုးသမီးများအနေဖြင့် အဆင်သင့်ဖြစ်နေရန်လည်း လိုအပ်ကြောင်း မိလဝီဟန်က ဆက်ပြောပါသည်။

ညီလာခံ ပထမရက်တွင် ဒေသအသီးသီးမှ အမျိုးသမီးကိုယ်စားလှယ်များက ၎င်းတို့ဒေသရှိ အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်မှုများကို တင်ပြခဲ့ကြသည်။

''ကျွန်မတို့ ဒေသမှာဆိုရင် အိမ်တွင်းအကြမ်းဖက်မှုတွေ သိပ်များတာပဲ။ အမျိုးသားတွေအနေနဲ့ အိမ်တွင်းအကြမ်းဖက်မှုကို သိရှိလာအောင် သူတို့နဲ့ ဆွေးနွေးတယ်။ ဥပဒေတွေကို နားလည်တဲ့သူတွေကျတော့ ဒီအကြောင်းကို ပြောရတာ ပိုလွယ်တယ်။ ဒါပေမယ့် ဘာမှနားမလည်တဲ့သူကျတော့ အတော်လေးကို ပြောရခက်တယ်'' ဟု အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက ပြောပါသည်။

ကုလသမဂ္ဂဆိုင်ရာ အမျိုးသမီးများအဖွဲ့မှ ကိုယ်စားလှယ်ဖြစ်သူ ဒေါက်တာဂျူန်းလည်း ညီလာခံကို တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခြင်း၊ မေးခွန်းများမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။ မွန်အမျိုးသမီးများအကြား စံပြဖြစ်သော မွန်ဘုရင်မကြီး ရှင်စောပု၏ မွေးနေ့ကို မွန်အမျိုးသမီးများနေ့အဖြစ် သတ်မှတ်ထားသည့်အကြောင်းကို ပြောဆိုခဲ့ပြီး အဓိကအချက် (၉) ချက်ကို အထူးပြု၍ ရေးဆွဲထားသော အမျိုးသမီးအကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာ ဥပဒေကြမ်းအကြောင်းကိုလည်း ဆွေးနွေးခဲ့သည်။

ညီလာခံတွင် ရှေ့ဆက်လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ပြီး ညီလာခံအပြီးတွင် ကြေညာချက် တစ်စောင်ကိုလည်း ထုတ်ဝေခဲ့သည်။

ပထမအကြိမ် မွန်အမျိုးသမီး ညီလာခံကို ၂၀၁၄ ခုနှစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ သာသနာ (၂၅၀၀) ကျောင်းတိုက်တွင် ပြုလုပ်ကျင်းပခဲ့သည်။

ခွဲထွက်လက်နက်ကိုင်တပ်ဖွဲ့များက မကြာခဏဆက်ကြေးတောင်းခံလျက်ရှိကြောင်း ရေဖြူဒေသခံများက ဖွင့်ဟ

ဇန်နဝါရီ ၂၂၊ ၂၀၁၆

တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်နှင့် မွန်ပြည်နယ်၊ ရေးမြို့နယ်တို့ ထိစပ်လျက်ရှိသော ဒေသများတွင် မွန်ခွဲထွက်လက်နက်ကိုင်တပ်ဖွဲ့များက ဒေသခံများထံမှ ဆက်ကြေးများ အကြိမ်ကြိမ် တောင်းခံလျက် ရှိကြောင်း ရွာသားများက ပြောပါသည်။

ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျေးရွာငယ်များတွင် နေထိုင်လျက်ရှိသော ရွာသူ၊ ရွာသားများအနေဖြင့် အကာအကွယ်မဲ့လျက်ရှိပြီး မွန်ခွဲထွက်လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆက်ကြေးတောင်းခံမှုဒဏ်ကို တစ်နှစ်လျှင် သုံးလေးကြိမ်မျှ အလူးအလဲ ခံစားနေကြရသည်။ အဆိုပါ လက်နက်ကိုင်များ၏ အနိုင်ကျင့်ဗိုလ်ကျမှုမှာ ဆိုးရွားလွန်းလှသဖြင့် ဒေသခံအများစုမှာ ၎င်းလက်နက်ကိုင်များ လက်လှမ်းမမီသော ဒေသများသို့ ပြောင်းရွှေ့သွားရန် စဉ်းစားလျက်ရှိကြောင်း ရွာသားများက ပြောပါသည်။

ရေးမြို့နယ်နှင့် ရေဖြူမြို့နယ်အကြားရှိ ကမ်းခြေဒေသကို ၁၉၈၇ ခုနှစ်ကတည်းက မွန်ပြည်သစ်ပါတီက အလုံးစုံ ထိန်းချုပ်ထားပြီး ခွဲထွက်လက်နက်ကိုင်တပ်ဖွဲ့များက မကြာခဏ လှုပ်ရှားလေ့ရှိသဖြင့် ၎င်းနယ်မြေကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်တွင် အမည်းရောင်နယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။

၎င်းခွဲထွက်လက်နက်ကိုင်များက ထိုဒေသရှိရွာသူရွာသားများထံမှ ယနေ့ထိတိုင်အောင် ဆက်ကြေးပုံမှန် ကောက်ခံလျက်ရှိသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ပြောကြားချက်အရ ၂၀၁၄ အောက်တိုဘာလမှ ၂၀၁၅ ဧပြီလအထိ ခွဲထွက်လက်နက်ကိုင်များက ကျေးရွာ (၅) ရွာမှ စုစုပေါင်း ဆက်ကြေး သိန်း (၂၈၀)၊ ရွှေ (၅) ကျပ်သားနှင့် လက်ကိုင်ဖုန်းမြောက်မြားစွာ ကောက်ခံသိမ်းယူခဲ့ကြောင်း သိရသည်။

၎င်းအချိန်ကာလအတွင်း ကျွဲသုံးညီမကျေးရွာအုပ်ချုပ်ရေးမှူးက ခွဲထွက်လက်နက်ကိုင်တပ်ဖွဲ့များထံမှ ဆက်ကြေးတောင်းခံသော စာ (၂) ကို လက်ခံရရှိခဲ့ပြီး စာ (၁) စောင်လျှင် ငွေ သိန်း (၄၀၀) တောင်းခံထားကြောင်း သိရသည်။ ဒုတိယစာကို ၂၀၁၅ ဧပြီလ (၁၆) ရက်နေ့တွင် လက်ခံရရှိခဲ့ပြီး စာတွင် အစောင်းနှင့်အလွန် လက်နက်ကိုင်တပ်ဖွဲ့များက လက်မှတ်ရေးထိုးထားသည်။

ခွဲထွက်လက်နက်ကိုင်များ၏ ခြိမ်းခြောက်မှုကြောင့် အိမ်ထောင်စု (၁၀) စုခန့်က ကျွဲသုံးညီမကျွန်းမှ ပြောင်းရွှေ့သွားကြောင်း အုပ်ချုပ်ရေးမှူးက ပြောပါသည်။

''သူတို့ကငွေကို သိန်းရာချီတောင်းတာ။ ရွာသားတွေဆီမှာ ပိုက်ဆံထုတ်တဲ့စက်ရှိနေတယ်များ ထင်နေသလားမသိဘူး။ ရာဘာရွက်တွေကို တစ်ရွက်တစ်ကျပ်နဲ့ ရောင်းလို့ရရင်တောင် သူတို့တောင်းတဲ့ ငွေပြည့်ဖို့ မလွယ်ဘူး။ ဒါပေမယ့် ဘယ်လိုပဲ ရုန်းကန်နေရပါစေ၊ သူတို့တောင်းတာတော့ ပေးနေရတာပဲ။ ရွာအုပ်ချုပ်ရေးမှူးနဲ့ (ရွာဦး) ဆရာတော်လည်း ကောင်းကောင်းမနေရပါဘူး။ သူတို့တောင်းတာမပေးရင် ငြိမ်းငြိမ်းချမ်းချမ်း မနေရဘူး၊ သူတို့ဘယ်အချိန် လာသတ်မလဲဆိုတာ စိတ်ပူနေရတယ်'' ဟု မဲတောကျေးရွာမှ အသက် (၅၅) နှစ်အရွယ် ရာဘာခြံအလုပ်သမား နိုင်ဒေ့ဒွတ်က ပြောပြပါသည်။

ခြိမ်းခြောက် ငွေတောင်းမှုများကြောင့် အဆိုပါဒေသရှိ ကျေးရွာငယ်လေးများမှာ ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိကြောင်း ရွာသားများက ပြောပါသည်။

အမဲရွာသားတစ်ဦးက ''ရွာသားတွေက လယ်တွေ ခြံတွေသွားဖို့ကို အတော်လေး ကြောက်နေရတယ်။ တစ်ခြားကို ပြောင်းဖို့ပဲ စိတ်ကူးနေတယ်။ လယ်တွေကို ဆွေမျိုးတွေကိုပေးခဲ့ပြီး ထွက်သွားတဲ့ သူတွေလည်းရှိတယ်။ တစ်ချို့လည်း လယ်တွေ ခြံတွေကို ရောင်းဖို့လုပ်နေတယ်'' ဟု ပြောပါသည်။

ကမ်းရိုးတန်းကျေးရွာများနှင့် ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ငါးဖမ်းစက်လှေများတွင် အမာခံသတင်းပေးများ ရှိနေသဖြင့် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ၎င်းတို့ စိတ်ကြိုက် လှုပ်ရှားနိုင်ကြောင်း အမဲကျေးရွာမှ အသက် (၄၉) နှစ်အရွယ် ခြံပိုင်ရှင် နိုင်အထွန်းက ပြောပါသည်။

''ဒီခွဲထွက်အဖွဲ့ငယ်တွေကို မွန်ပြည်သစ်ပါတီနဲ့ အစိုးရတပ်က ဘာလို့ အမြစ်မဖြတ်နိုင်သလဲဆိုတာ ကျွန်တော်တို့ နားမလည်ဘူး။ အနီးအနားမှာရှိတဲ့ မောရဝတီ ရေတပ်စခန်းက တပ်ရင်း (၄၂) (၄၃) တို့ကလည်း ဘာလုံခြုံရေးမှ ယူမပေးဘူး။ ကျွန်တော်တို့က (ခွဲထွက်အဖွဲ့တွေကို) ကျွန်တော်တို့ ချွေးနည်းစာ လုပ်အားခကနေ ရတဲ့ငွေတွေကို ပုံပြီးပေးနေရတယ်။ တစ်နှစ် နှစ်နှစ်လည်းမဟုတ်၊ နှစ်တိုင်းပဲ ပေးနေရတယ်။ ဒီလိုသွားနေလို့ မရဘူးလေ။ သူတို့အနေနဲ့လည်း ရပ်သင့်ပြီ။ အစိုးရတပ်တွေ အပစ်ရပ်ထားတဲ့ လက်နက်ကိုင်တွေကို ကျွန်တော်တို့ အကူအညီတောင်းချင်တယ်''ဟုနိုင်အထွန်းက ပြောပါသည်။

''ခွဲထွက်အဖွဲ့တွေ ဆက်ကြေးလာ ကောက်တိုင်း အနားမှာရှိတဲ့ မောရဝတီတပ်က လုံခြုံရေးယူပေးမယ်ဆိုတာ ကျွန်တော်တို့ ကြားရတယ်။ ဒါပေမယ့် ဒီခွဲထွက်အဖွဲ့တွေ ပျောက်သွားအောင် လုပ်ပေးမယ်ဆိုတာမျိုးတော့ တစ်ခါမှ မကြားရဘူး'' ဟု အခြားရွာသားတစ်ဦးက စိတ်ပျက်လက်ပျက် ပြောပါသည်။

> သူတို့ကငွေကို
> သိန်းရာချီ တောင်းတာ။
> ရွာသားတွေဆီမှာ ပိုက်ဆံ
> ထုတ်တဲ့စက်ရှိနေတယ်များ
> ထင်နေသလား မသိဘူး။
> ရာဘာရွက်တွေကို တစ်ရွက်
> တစ်ကျပ်နဲ့ ရောင်းလို့ရရင်တောင်
> သူတို့တောင်းတဲ့ ငွေပြည့်ဖို့
> မလွယ်ဘူး။ ဒါပေမယ့်
> ဘယ်လိုပဲ ရုန်းကန်နေရပါစေ၊
> သူတို့တောင်းတာတော့
> ပေးနေရတာပဲ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

ရာဘာဈေးကျသဖြင့် ခြံပိုင်ရှင်များ ရာဘာပင်များကို ခုတ်လှဲ

မတ် ၁၂၊ ၂၀၁၆

ရာဘာဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေသဖြင့် မွန်ပြည်နယ်ရှိ ရာဘာခြံရှင်များအနေဖြင့် ရာဘာစေးခြစ်သည့် လုပ်ငန်းကို လုပ်ကိုင်ခြင်း မရှိတော့သည့်အပြင် ငွေအမြန်ပေါ်ရန် ရာဘာပင်များကို ခုတ်လှဲပြီး ရောင်းချလျက်ရှိကြောင်း သိရသည်။

မကြာမီနှစ်များက ရာဘာဈေးနှုန်းသည် ယခုလက်ရှိ ဈေးနှုန်းထက် (၂) ဆနီးပါး ရှိခဲ့သော် ဈေးနှုန်းတဖြည်းဖြည်း ကျဆင်းလာပြီး ယခုတွင် ရာဘာ (၁) ပေါင်လျှင် ကျပ် (၄၀၀) ဝန်းကျင်သာ ရှိသည်။ ဒေသခံရာဘာခြံရှင်တစ်ဦး၏ ပြောပြချက်အရ ရာဘာဈေးနှုန်း အဆမတန် ကျဆင်းခဲ့သဖြင့် ဆက်လက်စိုက်ပျိုးရန် တွက်ခြေကိုက်မှုမရှိဟုဆိုကာ ရာဘာခြံရှင်များက ရာဘာပင်ကြီးများသာမက အပင်ငယ်များကိုပါ ခုတ်လှဲလျက်ရှိသည်။

ရေးမြို့နယ် ချော့ပလိုင်းကျေးရွာမှ နိုင်စိန်က ''ရာဘာထင်းတွေရဲ့ ဈေးနှုန်းကမဆိုးဘူး။ ဒါကြောင့် လူတွေက (ရာဘာပင်တွေကို ခုတ်ပြီး) ထင်းအဖြစ် ရောင်းချင်ကြတာ။ ဒီလိုသာ ဆက်တိုက်လုပ်နေမယ်ဆိုရင် ကျွန်တော်တို့ဒေသက ရာဘာဈေးကွက်က နည်းသထက် နည်းသွားမှာကို စိုးရိမ်မိတယ်'' ဟု ပြောကြားခဲ့သည်။

ခြံပိုင်ရှင်များအနေဖြင့် ရာဘာတစ်ပင်လျှင် ကျပ်တစ်သောင်းအထိ ရရှိကြောင်း သိရသည်။

ရာဘာထင်းများကို လိုက်လံဝယ်ယူသူ နိုင်ပျောက်က ''ဒီအချိန်မှာ ရာဘာခြံပိုင်ရှင်တွေအနေနဲ့ တစ်နေ့ကို တစ်သောင်းနှစ်သောင်းရဖို့ တကယ်ကို မလွယ်ပါဘူး။ ရာဘာပင်တွေကို အပင်လိုက်ရောင်းမယ်ဆိုရင် အပင် (၁၀၀) ဆို ဆယ်သိန်း ရပြီ။ အပင် (၁၀၀၀) ဆို သိန်းတစ်ရာ ရပြီ'' ဟု ပြောပါ သည်။

''အပင် (၁၀၀၀) ကို ရာဘာစေးခြစ်ဖို့ဆို အတော်လေး ပင်ပန်းတဲ့အလုပ်ပဲ။ ပြီးတော့ ခုလက်ရှိ ရာဘာဈေးနဲ့ဆိုရင် ဘယ်လောက်မှလည်း မရဘူးလေ။ ဒါကြောင့် ရာဘာခြံရှင် တော်တော်များများက ရာဘာပင်တွေကို (ထင်းအဖြစ်) ရောင်းနေကြတာ'' ဟု ၎င်းက ဆက်ပြောပါသည်။

ရေး–မော်လမြိုင် ကားလမ်းမကြီး တစ်လျှောက်ရှိနေအိမ်များ လမ်းပြုပြင်နေစဉ်အတွင်း လေထုညစ်ညမ်းမှု ခံစားနေရ

မတ် ၁၆၊ ၂၀၁၆

ရေး–မော်လမြိုင် ကားလမ်းမကြီး တစ်လျှောက်ရှိ နေအိမ်များအနေဖြင့် ကားလမ်းချဲ့ထွင် ပြုပြင်နေစဉ်အတွင်း ထွက်ပေါ်လာသောဖုန်မှုန့်များကို ရှူရှိုက်နေသည့်အပြင် လေထုညစ်ညမ်းမှုများကိုပါ ကြုံတွေ့နေရကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ် ဝယ်ဝင်ကရာ ကျေးရွာမှ နိုင်လှသိန်းက ''မနက်လင်းတာနဲ့ ဖုန်မှုန့်တွေ စရှူရတော့တာပဲ။ တစ်အိမ်လုံး ဖုန်တွေချည်းပဲ။ လိုက်သုတ်လို့တောင် မနိုင်တော့ဘူး။ ကျွန်တော်တို့ ကျန်းမာရေးအတွက် တော်တော်အန္တရာယ်များတယ်'' ဟု ပြောပြပါသည်။

နောက်ထပ် သံဖြူဇရပ်သူတစ်ဦး ဖြစ်သူ မိကွန်းပီက ဖုန်တွေက ''ထပ်ခါထပ်ခါ လှည်းလည်း မပြောင်နိုင်ဘူး။ လမ်းပြင်နေတဲ့အဖွဲ့ကလည်း လမ်းပြင်နေတာ ဘယ်တော့မှ မပြီးနိုင်ဘူး။ ပြင်ပြီးရင်း ပြင်နေတာပဲ။ ဖုန်မှုန့်တွေက ကျန်းမာရေးအတွက် မကောင်းဘူးလေ။ သူတို့လမ်းပြင် လမ်းဖောက်တာက တစ်ခြားနိုင်ငံက လုပ်တာနဲ့ မတူဘူး။ တစ်ခြားနိုင်ငံမှာ လမ်းပြင် လမ်းဖောက်ရင် ဒီလိုဖုန်မှုန့် တွေ မထွက်ဘူး'' ဟု ပြောပြပါသည်။

ရေး–မော်လမြိုင် ကားလမ်းမကြီး အကျယ် (၂) ပေချဲ့ထွင်ရန်အတွက် အေးကိုကုမ္ပဏီက လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။ လမ်းဖောက်လုပ်ချိန် ကြာမြင့်လွန်းသောကြောင့် လမ်းမကြီးတစ်ခုလုံး မပြီးစီးမီ ယခင်ဖောက်လုပ်ပြီးစီးခဲ့သော လမ်းအပိုင်းများတွင် ချိုင့်ခွက်များ၊ အပေါက်များ ဖြစ်ပေါ်လာသဖြင့် လမ်းဖောက်လုပ်ရေးအဖွဲ့အနေဖြင့် နောက်ထပ် ပြုပြင်ရပြန်သည်။

လမ်းဖောက်လုပ်သား တစ်ဦးဖြစ်သူ နိုင်နိုင်ဦးက နိုင်ငံတစ်ဝှမ်း လမ်းဖောက်လုပ်ရာတွင် ခေတ်မမီသောနည်း လမ်းများကိုသာ အသုံးပြုနေကြောင်း ရှင်းပြခဲ့သည်။

''လမ်းသစ်တွေဆိုရင်တော့ သွားလာရလွယ်ကူတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံက ခေတ်မီတဲ့နည်းစနစ်တွေကို ခုထိ မသုံးနိုင်သေးဘူး။ ခုပဲအသစ်ဖောက်ထားတဲ့ လမ်းက မကြာဘူး၊ အပေါက်တွေ ချိုင့်တွေ ဖြစ်လာတယ်။ ဒီလိုမဖြစ်ရင်တောင် လမ်းတွေက ညီညာချောမွေ့မနေဘူး။ ကျွန်တော်တို့လည်း ခေတ်မီတဲ့နည်းလမ်းတွေကို မသုံးနိုင်သေးဘူး'' ဟု ပြောပြပါသည်။

● ● ● ● ● ●

(၁၃) နှစ်အရွယ်မိန်းကလေးတစ်ဦး အဓမ္မပြုကျင့်ခံရ

မတ် ၂၁၊ ၂၀၁၆
အမျိုးသမီးနှင့် ကလေးအခွင့်အရေး
အစီအစဉ်

၂၀၁၆ ခုနှစ် မတ်လ (၅) ရက်နေ့တွင် မွန်ပြည်နယ် မုဒုံမြို့နယ် ‥‥‥‥‥‥‥‥‥‥ ကျေးရွာတွင် နေထိုင်သော အသက် (၁၃) နှစ်အရွယ် မိန်းကလေးငယ်တစ် ဦးအား အသက် (၂၁) အရွယ် အမျိုးသားတစ်ဦးက အဓမ္မပြုကျင့်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ‥‥‥‥‥‥‥‥ ရွာ အလယ်ပိုင်းနေ အမိဒေါ်‥‥‥‥‥‥‥‥၊ အဘဦး‥‥‥‥‥‥‥‥‥၏ သမီးဖြစ်သူ မ‥‥‥‥‥‥‥‥‥ အသက် (၁၃) နှစ်သည် မတ်လ (၅) ရက်နေ့ ညနေ (၆) နာရီခန့်အချိန်တွင် အိမ်ရှေ့ရေတွင်း၌ သောက်ရေခပ်ရန် ထွက်လာစဉ်‥‥‥‥‥‥ ရွာအလယ်ပိုင်းနေ (ဘ)ဦး‥‥‥၏သား မောင်‥‥‥‥‥‥‥‥ အသက် (၂၁) နှစ်က အနီးအနားရှိ မုန့်ဆိုင်တွင် မုန့်ဝယ်ကျွေးမည်ဟုဆိုကာ ဆိုင်ကယ်ဖြင့် လိမ်ညာတင်ဆောင်သွားပြီးနောက် ‥‥‥‥‥‥‥‥‥‥‥‥ ကျေးရွာရှိ ၎င်းမိဘပိုင်ဆိုင်သည့် ရာဘာခြံတွင် ထိုနေ့ည ၁၀ နာရီခန့်အချိန်၌ (၁) ကြိမ် အဓမ္မပြုကျင့်ခဲ့သည်။

နောက်နေ့ (မတ်လ (၆) ရက်နေ့) မနက် ၆ နာရီခန့်တွင် မောင်‥‥‥‥‥‥‥‥‥‥က မ‥‥‥‥‥‥‥ အား ကိုယ့်လမ်းကိုယ်သွားဟုဆိုကာ ‥‥‥‥‥‥‥‥‥‥‥‥ ကျေးရွာအရှေ့ပိုင်း တောင်ပေါ်ကျောင်းရှိ သီလရှင်ဇရပ်တွင် ချထားခဲ့ပြီး ၎င်းမှာ အိမ်ပြန်သွားကြောင်း မ‥‥‥‥‥‥‥‥‥‥‥ ပြောပြချက်အရ သိရှိရသည်။ မ‥‥‥‥‥‥‥‥‥‥‥ သည် ‥‥‥‥‥‥‥‥ ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဆဋ္ဌမတန်းဖြေဆိုထားသူတစ်ဦး ဖြစ်ကြောင်းလည်း သိရသည်။

မတ်လ (၅) ရက်နေ့ကတည်းက အိမ်ရှေ့တွင် ရေခပ်ခိုင်းရာမှ ပျောက်ဆုံးသွားသော သမီးဖြစ်သူအား မိဘဖြစ်သူများက လိုက်လံရှာဖွေရာ (၆) ရက်နေ့ မနက် (၉) နာရီခန့်တွင် သမီးဖြစ်သူ၏ သူငယ်ချင်းမှတဆင့် ဖုန်းဖြင့် အဆက်သွယ်ရပြီး ထိုနေ့ညနေ (၄) နာရီခန့်တွင် သမီးဖြစ်သူကို နေအိမ်သို့ ပြန်လည်ခေါ်ဆောင် လာနိုင်ခဲ့သည်။

၂၀၁၆ မတ်လ (၇) ရက်နေ့ မနက် (၈) နာရီခွဲခန့်တွင် မစန်းစန်းထွေး၏ မိဘများက သမီးဖြစ်သူအား သွေးဆောင်ဖျားယောင်းပြီး အဓမ္မပြုကျင့်ခဲ့သည်ဟုဆိုကာ ကျူးလွန်သူအား မမစ(မုဒုံ)ရဲစခန်းတွင် ဥပဒေအရ အရေးယူပေးရန် တိုင်တန်းသဖြင့် ကျူးလွန်သူ မောင်‥‥‥‥‥‥‥‥‥‥‥‥‥ အား မမစ(မုဒုံ)(ပ)၃၆/၂၀၁၆၊ ပြစ်မှုဆိုင်ရာပုဒ်မ ၃၆၃/၃၇၆ ဖြင့် ရဲအုပ်ဝင်းဇော်ဌေးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

ကလေးအခွင့်အရေးကော်မတီက ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ဖေဖော်ဝါရီ၊ ၂၀၁၆
အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်

၂၀၁၆ ဖေဖော်ဝါရီလ (၁) ရက်နှင့် (၂) ရက်နေ့များတွင် ကလေးအခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးကော်မတီ (the Committee for the Protection and Promotion of Child Rights – CPPCR) က ကြီးမှူး၍ မဟာဗျူဟာချမှတ်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကိုကျင်းပရာ မြန်မာနိုင်ငံ နယ်စပ်ဒေသနှင့် နိုင်ငံတွင်းမှ ကလေးအခွင့်အရေး ဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ မဲဆောက်မြို့ the Queen Palace ဟိုတယ်တွင် ကျင်းပခဲ့ပြီး ထိုင်းနိုင်ငံတွင် မွေးဖွားခဲ့သော မြန်မာကလေးငယ်များ၏ အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စွန့်ပစ်ခံကလေးငယ်များနှင့် မိဘမဲ့ကလေးငယ်များအရေးနှင့် ကလေးအခွင့်အရေး အကာအကွယ်ပေးရေးမူဝါဒအပါအဝင် ထိုင်း–မြန်မာနယ်စပ်တစ်လျှောက်ရှိ ကလေးငယ်များ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ ပြဿနာများကို အဓိကထား ဆွေးနွေးခဲ့သည်။

ကရင်အမျိုးသမီးအဖွဲ့အစည်း၊ မယ်တော်ဆေးခန်း၊ Save the Children၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ထိုင်း–မြန်မာနယ်စပ် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ (Thai-Burma Border Health Initiative – TBBHI)၊ အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်နှင့် World Vision အစရှိသော အသင်းအဖွဲ့ (၃၈) ဖွဲ့ကို ကိုယ်စားပြုသော အဖွဲ့ဝင် (၈၆) ဦး တက်ရောက်ခဲ့ကြသည်။

ကလေးအခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးကော်မတီ၏ ဒါရိုက်တာဖြစ်သူ ကိုနိုင်မင်းက ''ဒီအလုပ်ရုံဆွေးနွေးပွဲကို ရည်ရွယ်ချက် (၃) ခုနဲ့လုပ်ဖို့ စီစဉ်ခဲ့တာပါ။ ပထမတစ်ခုက ဒီမြန်မာ–ထိုင်းနယ်စပ်ဒေသနဲ့ ပြည်တွင်းက ကလေးတွေကို အကာအကွယ် ပေးနိုင်မယ့် နည်းဗျူဟာတွေကို အကြမ်းဖျဉ်း ချမှတ်နိုင်ဖို့ပါ။ ဒုတိယတစ်ခုကတော့ ကျွန်တော်တို့ရဲ့ အားသာချက်၊ အားနည်းချက်တွေကို ရှာဖွေပြီးတော့ အလုပ်ကို ဘယ်လို တိုးတက်အောင် လုပ်မလဲဆိုတာ စဉ်းစားနိုင်ဖို့ပါ။ နောက်ဆုံးတစ်ခုကတော့ ကျွန်တော်တို့ နောက် (၂) နှစ်အတွင်း လုပ်ဆောင်မယ့် လုပ်ငန်းတွေအတွက် ဒီတက်ရောက်လာတဲ့ အဖွဲ့အစည်းတွေဆီကနေ အကြံဉာဏ်တွေရယူပြီး အချင်းချင်း ဘယ်လိုပူးပေါင်းဆောင် ရွက်မလဲဆိုတာ အစီအစဉ်ချမှတ်နိုင်ဖို့ပဲ'' ဟု ပြောပြခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် ကလေးအခွင့်အရေး ကာကွယ်ရေးအတွက် အဖွဲ့ အစည်းများအကြား ကွန်ရက်များ ချဲ့ထွင်မြှင့်တင်ရန်၊ ကလေးအခွင့်အရေး ကာကွယ်ရေး အတွက် အသစ်တက်လာသော အစိုးရကို စည်းရုံးလှုံ့ဆော်ရန်၊ မြန်မာ့အိမ်နီးချင်းနိုင်ငံ များအနေဖြင့် ၎င်းတို့နိုင်ငံတွင် မွေးဖွားခဲ့သော မြန်မာကလေးငယ်များအတွက် မွေးစာရင်း မှတ်ပုံတင်ကို သေချာစွာ ထုတ်ပေးလာနိုင်စေရန်၊ နယ်စပ်နှင့် တိုင်းရင်းသားဒေသရှိ ကလေးငယ်များကို အသိအမှတ်ပြုရန်နှင့် ၎င်း ဒေသရှိ ကလေးငယ်များအား နိုင်ငံသားအဖြစ် သတ်မှတ်ရန်အတွက် မြန်မာနှင့် ထိုင်းအစိုးရ ကို ဖိအားပေးရန်၊ ကလေးအခွင့်အရေးဆိုင် ရာ၊ မွေးစာရင်းမှတ်ပုံတင်ဆိုင်ရာ အချက်အ လက်များကို စိစစ်တမ်းကောက်ယူရန်၊ ကလေး အခွင့်အရေး ကာကွယ်ရေးအတွက် အသိ ပညာပေးနိုင်ရန် အစိုးရဆိုင်ရာဌာနများနှင့် လူ ထုအခြေပြုအဖွဲ့အစည်းများ ပူးပေါင်းဆောင် ရွက်ရန်နှင့် ကလေးကုန်ကူးမှုများကို အစိုးရနှင့် လူထုအခြေပြုအဖွဲ့အစည်းများက ပူးပေါင်း နှိမ်နင်းနိုင်ရန်စသည့် သဘောတူညီချက် (၇) ချက်ကို ချမှတ်နိုင်ခဲ့သည်။

''ကျွန်မတို့ အဖွဲ့အစည်းအနေနဲ့ ပြည်တွင်းကရော နယ်စပ်ကရော ကိုယ်စားပြု လာတက်တာပါ၊ကျွန်မတို့အားလုံးက ကလေး အခွင့်အရေး ကာကွယ်တဲ့ကိစ္စမှာ အတူတူ အလုပ်လုပ်နေတဲ့သူတွေပဲလေ။ ဒါကြောင့်မို့ လို့ မြန်မာပြည်တွင်းမှာရှိတဲ့ လူမှုအဖွဲ့အစည်း တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက် ပါတယ်။ ဒီဆွေးနွေးပွဲက ချမှတ်လိုက်တဲ့ လုပ် ငန်းစဉ်တွေကိုသာ အောင်မြင်အောင် အ ကောင် အထည်ဖော်နိုင်ရင်တော့ တိုင်းထက် အလွန်ကောင်းမွန်မှာပဲ ''ဟု နယ်စပ်ကျန်းမာ ရေး စောင့်ရှောက်ရေးအဖွဲ့မှ မိဒွန်းကေ့က ပြောပါသည်။

ကလေးအခွင့်အရေး ကာကွယ်ရေး နှင့် မြှင့်တင်ရေးကော်မတီကို ထိုင်း–မြန်မာ နယ်စပ် မဲဆောက်–မြဝတီအနီးရှိ ပစ်ပယ်ခံ ထားရသော၊ အမြတ်ထုတ်ခံနေရသော မြန်မာ ကလေးငယ်များကို ကာကွယ်ကူညီရန်အ တွက် ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ကလေးအခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင် ရေးကော်မတီသည် ကလေးငယ်များ အမြတ် ထုတ်ခံရသည့်ကိစ္စများ၊ မွေးစာရင်းမှတ်ပုံတင် ကိစ္စများအပါအဝင်အခြား ကလေးအခွင့်အရေး ဆိုင်ရာ ကိစ္စအများအပြားကို ကူညီလုပ်ကိုင် ဆောင်ရွက်ပေးလျက်ရှိသည်။

သံလွင်အရှေ့ခြမ်းမွန်ဒေသရှိ တောင်သူလယ်သမားများနှင့် မြေယာအသုံးချသူများ၏ နှီးနှောဖလှယ်ပွဲမှ အသံများ

မေ ၁၊ ၂၀၁၆

'တရားနည်းလမ်းကျကျ ဖြေရှင်းပေးမယ့်နေ့ကို မျှော်လင့်နေတုန်းပဲ' ဟု သံလွင်အရှေ့ခြမ်းမွန်ဒေသရှိ တောင်သူလယ်သမားများနှင့် မြေယာအသုံးချသူများ၏ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော လယ်သမားတစ်ဦးက ပြောပါသည်။

မြန်မာနိုင်ငံတွင် မြေယာပြဿနာသည် ပြည်တွင်းစစ်ပြီးနောက် ဒုတိယအကြီးမားဆုံး ပြဿနာတစ်ခု ဖြစ်သည်။ တိုင်းနှင့်ပြည်နယ် အနှံ့အပြားတွင် မြေယာသိမ်းယူမှုများ မြောက်မြားစွာ ဖြစ်ပေါ်နေသော်လည်း ယနေ့တိုင် တိကျသော ဖြေရှင်းမှုများ မရှိသေးချေ။ ပြည်နယ်နှင့်တိုင်း (၁၄) ခုအနက် မွန်ပြည်နယ်သည် တတိယမြေယာပြဿနာအများဆုံးသော ပြည်နယ်ဖြစ်သည်။

မွန်ဒေသအတွင်းရှိ မြေယာအသုံးချသူ တောင်သူလယ်သမားများကို အကာအကွယ်ပေးမည့် မြေယာပိုင်ဆိုင်မှု အခြေအနေတစ်ရပ် ပေါ်ပေါက်လာနိုင်ရန်အတွက် လက်ရှိပြဋ္ဌာန်းထားသော မြေယာဥပဒေများ၊ နည်းဥပဒေများနှင့် အမျိုးသားမြေအသုံးချမှုမူဝါဒတို့၏ အားနည်းအားသာချက်များကို ပြင်ဆင်ပြဋ္ဌာန်းသွားနိုင်ရန်၊ ဓါးမဦးချရိုးရာလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုများကို အသိအမှတ်ပြု ဖော်ဆောင်နိုင်ရန်နှင့် အတိတ်ကာလ အစိုးရအဆက်ဆက်က ကျူးလွန်ထားသည့် မြေယာချိုးဖောက်မှုများကို ဖြေရှင်းနိုင်မည့် နည်းနာများကို ဝိုင်းဝန်းအဖြေရှာပြီး မူလမြေယာပိုင်ရှင်များအတွက် ဘဝလုံခြုံရေးနှင့် နစ်နာဆုံးရှုံးမှုများအပေါ် တစ်စုံတရာကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် နည်းနာများ၊ လုပ်ငန်းစဉ် ယန္တရားများ ပေါ်ထွက်လာနိုင်စေရန် ရည်ရွယ်၍ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကမကထပြုပြီး တောင်သူလယ်သမားနှင့် မြေယာအသုံးချသူများ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီလ (၁၄) နှင့် (၁၅) ရက်နေ့များတွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။

မွန်ပြည်နယ် မော်လမြိုင်၊ ကျိုက်မရော၊ ရေး၊ သံဖြူဇရပ်၊ မုဒုံနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ... ရေဖြူမြို့နယ်မှ ကိုယ်စားလှယ် (၉၄) ဦး တက်ရောက်ခဲ့သော ဝိုင်းညီလာခံမှ ဆွေးနွေးတင်ပြချက်များကို ကဏ္ဍအလိုက် ပြန်လည်ဖော်ပြအပ်ပါသည်။

၁) လက်ရှိ မြေယာဆိုင်ရာဥပဒေနှင့် နည်းဥပဒေများသည် တောင်သူလယ်သမား၊ မြေယာ အသုံးချသူများ၏ အကျိုးစီးပွားကို မကာကွယ်ပေးနိုင်ခြင်း။

မြန်မာနိုင်ငံတွင် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ၊ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများ၊ အမျိုးသားမြေယာအသုံးချမှုဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးနေသော်လည်း မြေယာသိမ်းယူမှုမှာ လျော့ကျမသွားသည့်အပြင် တောင်သူလယ်သမားများတွင်လည်း မြေယာဆိုင်ရာအာမခံချက် မရှိချေ။

''မြေပြဿနာတွေကို လက်ရှိပြဋ္ဌာန်းထားတဲ့ မြေယာအသုံးချမှုမူဝါဒ တစ်ခုတည်းနဲ့ ဖြေရှင်းလို့မရဘူး။ ဘာ့ကြောင့်လဲဆိုရင် ပြဿနာအားလုံးကို ဖြေရှင်းနိုင်တဲ့ လုံလောက်တဲ့ လမ်းညွှန်ချက်တွေမရှိဘူး။ မြေမူဝါဒမှာ အဓိက မြေကို ဘယ်လိုစီမံအုပ်ချုပ်မလဲဆိုတဲ့ အပိုင်းကို ဦးစားပေးတယ်။ အထူးသဖြင့် မြေနဲ့ပက်သက်တဲ့ ဖုံတွေကို ဘယ်လိုလုပ်မလဲ။ မြေအသုံးချမှုကို စနစ်တကျဖြစ်အောင် ဘယ်လိုလုပ်မလဲ။ မြေနဲ့ပက်သက်တဲ့ အခွန်အခတွေကို ဘယ်လိုကောက်ခံမလဲဆိုတဲ့ မြေယာအုပ်ချုပ်မှုအပိုင်းကိုကျွန်တော်တို့သွားတယ်။ သူတို့ (တောင်သူလယ်သမား) အတွက် တရားမျှတမှုရှိအောင် ဘယ်လိုဖြေရှင်းပေးလဲဆိုတာ လက်ရှိမြေယာမူဝါဒမှာ တိကျတဲ့ ရေရာတဲ့ လမ်းညွှန်ချက်မျိုးတွေ မပါနေသေးဘူး။ မြေယာမူဝါဒရဲ့ အသုံးဝင်မှုကိုပြောပါဆိုရင်တော့ ဒါကကန့်သတ်ချက်ရှိတဲ့ အနေအထားမျိုးမှာတော့ ရှိပါတယ်။ ဒါပေမယ့် ဒါကမကောင်းဘူးလားလို့မေးရင်တော့ အတိုင်းအတာတစ်ခုအထိတော့ အသုံးပြုလို့ရနိုင်တယ်။ ဒါပေမယ့် ဒီပြဿနာတစ်ခုလုံးနဲ့ မြေယာပြုပြင်ပြောင်းလဲရေးဖြစ်နိုင်ဖို့အတွက်ဆိုရင်တော့ လုံလောက်တဲ့ အနေအထားမျိုး မရှိဘူးလို့ပဲ ပြောချင်ပါတယ်''ဟု မြေယာမဏ္ဍိုင် (LAND CORE GROUP)မှ ကိုငြိမ်းဇာနည်နိုင်က ပြောပါသည်။

''နောက်စိန်ခေါ်မှုတစ်ခုက တိုင်းရင်းသားတွေရဲ့ အခွင့်အရေး လို့ ကျွန်တော်တို့ပြောရင် တိုင်းရင်းသားဆိုတာက ကျွန်တော်တို့ ဆီမှာ တစ်ခုတည်းမဟုတ်ဘူး။ အများကြီးရှိတဲ့အခါမှာ ဒီတိုင်းရင်း သားလူမျိုး အသီးသီးအတွက် သင့်လျော်မယ့် ဥပဒေတွေ မူဒါဒတွေ ဆိုတာ ရှိဖို့လိုတယ်။ တစ်ခုတည်းအနေနဲ့တော့ဆိုရင် တိုင်းရင်းသားရဲ့ မြေယာအခွင့်အရေးအတွက် တစ်ခုတည်းနဲ့ ကျွန်တော်တို့ကြည့်လို့ မရဘူး။ တိုင်းရင်းသားလူမျိုး တစ်ခုချင်းစီမှာ မတူညီတဲ့ အသုံးပြုမှုပုံစံ တွေရှိတယ်။ ယဉ်ကျေးမှုတွေ ရှိတဲ့အခါမှာ တစ်ခုချင်းစီကို ကျွန်တော် တို့က အသိအမှတ်ပြုနိုင်တဲ့ နည်းလမ်းတွေကို ကျွန်တော်တို့ ဖော်ထုတ်ဖို့လိုတယ်။ လက်ရှိအနေအထားက အဲလောက်ထိ ကျယ်ကျယ် ပြန့်ပြန့် ဖော်ပြထားတာ မရှိဘူး။ အသိအမှတ်ပြုတယ်ဆိုတာ လောက်ပဲ ဖော်ပြထားတဲ့ အနေအထားမှာရှိတယ်'' ဟု မြေယာဥပဒေများ၏ မပြည့်စုံမှုကို ၎င်းက ထောက်ပြပြောဆိုပါသည်။

လက်ရှိ မြေယာဆိုင်ရာဥပဒေနှင့် နည်းဥပဒေများသည် အောက်ခြေပြည်သူလူထုကို ဗဟိုပြုပြီး ရေးဆွဲထားခြင်း မရှိကြောင်း ကိုငြိမ်းဇာနည်နိုင်က ပြောပါသည်။

''ကျွန်တော်တို့မှာရှိတဲ့ မြေယာပြဿနာက ခေတ်အဆက်ဆက်က ဖိနှိပ်မှုနဲ့ အုပ်ချုပ်မှုစနစ်ရဲ့ရလဒ် ဖြစ်တယ်။ ရလဒ်ဆိုတာ ဒီခေတ်အဆက်အဆက်မှာ အဓမ္မသိမ်းယူခဲ့တဲ့ စနစ်တွေ လုပ်ပိုင်ခွင့် တွေကို အသိအမှတ်မပြုဘဲနဲ့ လိုသလို အကျိုးစီးပွားတွေအတွက် အမျိုးမျိုး အသုံးချခဲ့တဲ့ဟာတွေအတွက် (ပြန်လည်) မစဉ်းစားသေး သရွေ့ကတော့ မူဝါဒမှာ ဘယ်လိုပဲ ကောင်းမွန်တဲ့အချက်တွေ ပြောထားပါစေ၊ ပြီးခဲ့တဲ့တုန်းက ဖြစ်ခဲ့ဖူးတဲ့ မတရားမှုတွေ အဓမ္မမှုတွေကို ပြန်လည်ကုစားနိုင်တဲ့ နည်းလမ်းကို စဉ်းစားပေးဖို့လိုတယ်။ အဲဒါကို ကျွန်တော်တို့ မဆွေးနွေးဘဲနဲ့ မူဝါဒကို သီးသန့် စဉ်းစားတဲ့အခါမှာ ပြည်သူ ပြည်သားတွေရဲ့ အခွင့်အရေးတွေကို တကယ် အပြည့်အဝ လေးစားလိုက်နာမှု မရှိဘူး။ အဲလိုပုံစံမျိုးဖြစ်နေတယ်'' ဟု ၎င်းက ဆက်ပြောပါသည်။

လက်ရှိဥပဒေများအရ အောက်ခြေတောင်သူလယ်သမား ပြည်သူများတွင် မြေယာအာမခံချက် လုံးဝမရှိချေ။

''အခုလက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေအားလုံးက တောင်သူ လယ်သမားတွေရဲ့ ဘဝလုံခြုံမှုနဲ့ အာမခံချက်ရှိလောက်အောင် မူဝါဒ ပေါ်လစီတွေ ချမှတ်ပြီးတော့ ပြဋ္ဌာန်းတဲ့ဥပဒေတွေ မဟုတ်တဲ့အတွက် တောင်သူတွေရဲ့ဘဝ အာမခံချက်ရှိလောက်အောင် ဥပဒေတွေက အကာအကွယ်မပေးနိုင်သေးဘူး။ ဥပဒေတွေ ပြဋ္ဌာန်းဖို့လိုသေးတယ်။ ပြန်ပြင်ဖို့လိုသေးတယ်'' ဟု တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်က ပြောပါသည်။

၂) မြေယာပြဿနာတွင် စစ်တပ်အပြင် ဝန်ကြီးဌာနပေါင်းစုံ ပါဝင် ပက်သက်နေခြင်း။

မြေယာသိမ်းယူမှုများတွင် စစ်တပ်က သိမ်းယူထားသော မြေယာများအပြင် အစိုးရဝန်ကြီးဌာနများဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနအပြင် အခြားသော ဝန်ကြီးဌာနများက သိမ်းယူထားသော မြေယာများလည်း ရှိသည်။ မြေယာပြဿနာတွင် ဌာနဆိုင်ရာ အာဏာပိုင်များက ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေခြင်းကြောင့် ပြဿနာဖြေရှင်းရာတွင် များစွာ ခက်ခဲလျက်ရှိသည်။ စစ်တပ်နှင့် ဌာနဆိုင်ရာများ၏ ထောက်ခံချက်ဖြင့် စီးပွားရေးကုမ္ပဏီများက သိမ်းယူထားသော မြေယာများလည်း အမြားအပြားပင် ရှိသည်။

၁၉၉၄ မှ ၂၀၀၄ ခုနှစ်အထိ မောရဝတီ ရေတပ်စခန်း ရေယာဉ်စုတပ်ဖွဲ့များ ဖြစ်ကြသည့် အမှတ် (၄၂) နှင့် အမှတ် (၄၆) က ရေဖြူမြို့နယ် သဲချောင်းဒေသမှ ဌာနေတောင်သူများပိုင်ဆိုင်သော ဥယျာဉ်ခြံမြေအမျိုးအစားများဖြစ်သည့် ရာဘာခြံ၊ ညောင်းခြံ၊ ကွမ်းသီးခြံ၊ သီဟိုဠ်သရက်ခြံနှင့် သရက်ခြံကေပေါင်း (၄၆၆) ကေကို လျော်ကြေးငွေ ပေးချေခြင်းမရှိဘဲ အဓမ္မသိမ်းယူခဲ့သည်။ ဥယျာဉ်ခြံလုပ်ငန်းဖြင့် အသက်မွေးသူ တောင်သူပေါင်း (၄၂) ဦးထံမှ တဦးလျှင် အနည်းဆုံး (၃) ကေမှ အများဆုံး (၃၂) ကေအထိ အသီးသီးသိမ်းယူခဲ့ပြီး တပ်ပိုင်မြေအဖြစ် သတ်မှတ်ခဲ့သည်။ ဘိုးဘွားပိုင်မြေများကိုလည်း မောရဝတီ ရေတပ်စခန်းဌာနချုပ်က မြေလွတ် မြေလပ်နှင့် မြေရိုင်း စာရင်းတွင် ပါဝင်သည်ဟုဆိုကာ မတရားသိမ်းဆည်းခဲ့သည်။

''မြေယာပြဿနာတွေမှာ ကဏ္ဍပေါင်းစုံက ပါဝင် (ပတ်သက်) နေတယ်။ ဥပမာ သစ်တောလည်းပါမယ်၊ လယ်ယာစိုက်ပျိုးရေးလည်းပါမယ်၊ စည်ပင်တို့ပါမယ်၊ ကဏ္ဍအသီးသီးမှာ မြေယာပြဿနာတွေက ဖြေရှင်းရမှာဖြစ်တယ်။ အဲဒီတော့ လက်ရှိ မြေနဲ့ပက်သက်ရင် နိုင်ငံရေးအရ အာဏာခွဲဝေရေးတွေ လည်းပါဝင်တယ်'' ဟု မြေယာမဏ္ဍိုင်မှ ကိုငြိမ်းဇာနည်နိုင်က ပြောပါသည်။

''မြေယာသိမ်းဆည်းမှုတွေက တစ်နိုင်ငံလုံးမှာ ဖြစ်နေတာပဲ၊ ကျွန်တော် ပြည်နယ်နဲ့တိုင်းဒေသကြီး (၁၃) ခုစလုံးကို ရောက်ပြီးပြီ။ အကုန်လုံးမှာ အစိုးရနဲ့ဌာနဆိုင်ရာအားလုံးမှာ ဥပဒေနဲ့ မညီညွတ်ဘဲ မြေသိမ်းတာတွေ များတယ်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ စကိုင်းတိုင်း၊ မကွေးတိုင်း၊ နောက် ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မြေသိမ်းတာတွေ တစ်နိုင်ငံလုံးကိုရှိနေတယ်။ ၁၉၉၁ ခုနှစ် မြေလွတ် မြေလပ် မြေရိုင်း စီမံခန့်ခွဲမှု ပေါ်လာပြီးကတည်းက တပ်တွေအတွက် သိမ်းတာတွေများတယ်။ တပ်တည်ဖို့အတွက် သိမ်းတယ်၊ ကျောင်းဆောက်ဖို့အတွက် သိမ်းတယ်။ ဆည်မြောင်းအတွက် သိမ်းတယ်။ သစ်တောက သိမ်းတယ်။ လမ်းဖောက်ဖို့ သိမ်းတယ်။ ဒီတော့ တောင်သူတွေကတော့ အကုန်ခံရတာပဲ''ဟု တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်က ပြောပါသည်။

၃) တောင်သူလယ်သမားများက မြေယာဥပဒေများကို နားလည်သိကျွမ်းခြင်း မရှိခြင်း။

မြန်မာနိုင်ငံတွင် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ၊ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများ၊ အမျိုးသား မြေယာအသုံးချမှုဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးနေသော်လည်း အဆိုပါ ဥပဒေများကို ရေးဆွဲရာတွင် အားလုံးပါဝင်ခွင့် မရရှိခြင်း၊ ၎င်းဥပဒေများကို အောက်ခြေပြည်သူလူထု သိရှိနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် မထုတ်ဝေခြင်း၊ ဥပဒေပိုင်းဆိုင်ရာပညာပေးမှုများမရှိခြင်း၊ အာဏာပိုင်နှင့် စီးပွားရေးလုပ်ငန်းရှင်များက ဥပဒေကို လက်နက်သဖွယ် အသုံးချလိုခြင်းတို့ကြောင့် အောက်ခြေတောင်သူလယ်သမားများမှာမူ ၎င်းဥပဒေများနှင့် အလှမ်းဝေးလျက်ရှိသည်။

မိရိုးဖလာနည်းလမ်းအတိုင်းသာ စိုက်ပျိုးလုပ်ကိုင်နေသာ တောင်သူလယ်သမားများမှာ မြေယာပြဿနာတစ်စုံတရာ ပေါ်ပေါက်လာပါက ဥပဒေ နားလည်တတ်ကျွမ်းသော အာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အမြတ်ထုတ်ခေါင်းပုံဖြတ်မှုကို အမြဲတစေ ကြုံတွေ့ ခံစားခဲ့ကြရသည်။

''တိုင်းရင်းသားတွေရဲ့ လေ့ထုံးတမ်းအစဉ်အလာ မြေယာအသုံးပြုမှုတွေက အစဉ်အဆက် မိရိုးဖလာ(အတိုင်းပဲ)။ အရင်ကတည်းက တည်ရှိနေတဲ့ အနေအထားမျိုးမှာ ရှိနေပါတယ်။ အဲဒီပြဿနာကို ပြန်ကြည့်ရင် ကိုလိုနီခေတ်မှာကတည်းက အုပ်ချုပ်မှုစနစ်က ပြည်မနဲ့ တောင်တန်းဆိုပြီးတော့ ခွဲခြားထားတယ်။ အဲဒီအခါမှာ တောင်တန်းဒေသမှာ တိုင်းရင်းသားတွေရဲ့ လေ့ထုံးတမ်းဆိုင်ရာ ဥပဒေတွေကို အသိအမှတ်ပြုထားတဲ့ အနေအထားမျိုးမှာရှိတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းကစပြီးတော့ အခုချိန်အထိ ပြဋ္ဌာန်းတဲ့ဥပဒေတွေ၊ နည်းစနစ်တွေမှာ အသိမှတ်ပြုခဲ့တာ မရှိသေးဘူး။ ဒါပေမယ့် တိုင်းရင်းသားတွေက သူတို့ရဲ့လေ့ထုံးတမ်းကိုပဲ လက်တွေ့မှာ အသုံးပြုနေတယ်။ အဲဒီတော့ အခုလက်ရှိထွက်လာတဲ့ အမျိုးသားမြေအသုံးချမှုမူဝါဒမှာဆိုရင်တော့ တိုင်းရင်းသားတွေရဲ့ မြေအသုံးချမှုအခွင့်အရေးတွေကို အသိအမှတ်ပြုဖို့ဆိုတာကတော့ ဆက်နွယ်ပီး ဖော်ပြတာတော့ရှိတယ်။ ဒါပေမယ့် လက်တွေ့စိန်ခေါ်မှုတွေအပေါ် ဘယ်လိုပုံစံမျိုးနဲ့ အသိအမှတ်ပြုမှာလဲ။ ပြီးရင် တိုင်းရင်းသားဒေသတွေမှာရှိနေတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ အဲဒီရင်းနှီးမြှုပ်နှံမှုတွေအတွက် ပေးထားတဲ့ အကြီးစားမြေယာချထားမှုကို ဘယ်လိုပုံစံမျိုးနဲ့ ပြန်ပြီးတော့ စဉ်းစားပေးမှာလဲ။ ဒါတွေကို ကျွန်တော်တို့က စဉ်းစားဖို့လိုတယ်။ အသိအမှတ်ပြုတယ်ဆိုတာက အသိအမှတ်ပြုတယ်ဆိုတယ်တဲ့ မူတစ်ခုတည်းနဲ့ မလုံလောက်ဘူး'' ဟု ကိုငြိမ်းဇာနည်က ပြောပါသည်။

''တိုင်းရင်းသားတွေ တောင်သူလယ်သမားတွေက ဓါးမဦးချနဲ့ မိရိုးဖလာပဲရှိတယ်လေ။ အထောက်အထားတွေ ဘာမှမလုပ်ထားဘူးလေ။ အစိုးရနဲ့ဌာနဆိုင်ရာကလည်း ပညာပေးတာ ဟောပြောတာတွေ မြေလာတိုင်းပေးတာတွေ၊ မြေခွန်ဆောင်ခိုင်းတာတွေ မရှိတော့ တိုင်းရင်းသားတွေက အေးချမ်းနေတယ်လေ။ ဒါပေမယ့် တစ်ကယ်တမ်း မြေသိမ်းပြီဆိုရင်တော့ ဓါးမဦးချနဲ့မိရိုးဖလာမှာ အထောက်အထားမရှိဘူးလေ၊ ဥပဒေထဲမှာလည်းမပါဘူးလေ။ အဲဒီတော့ သူတို့ (တောင်သူ)တွေ နစ်နာတာများတာပေါ့။ အဲဒီလို နစ်နာရင် လောလောဆယ်တော့ မြေလွတ် မြေလပ် မြေရိုင်းနည်းဥပဒေ ၅၂ အရ သီးနှံလျော်ကြေးတွေတော့ ပြန်ရမယ်။ မြေလျော်ကြေးရဖို့တော့ မလွယ်ဘူး'' ဟု တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်က ပြောပါသည်။

၄) မြေယာသိမ်းယူခံရမှုဆိုင်ရာ ထိခိုက်နစ်နာမှုများ

အောက်ခြေတောင်သူလယ်သမားများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့်သာ အဓိကအသက်မွေးကြသဖြင့် မြေယာသည် ၎င်းတို့၏ အသက်သွေးကြောသဖွယ် ဖြစ်လျက်ရှိသည်။ ထို့ကြောင့် မြေယာသိမ်းယူခြင်းခံရပါက ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ဆုံးရှုံးရုံတင်မဟုတ်ဘဲ ကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကိုလည်း ခံစားကြရသည်။ မြေယာသိမ်းယူခံရမှုကြောင့် ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားသော လယ်သမား၊ ခြံသမားများလည်း အမြောက်အမြားပင် ရှိသည်။

တွေ့ဆုံမေးမြန်းမှုများမှရရှိသည့် အချက်အလက်များအရ တက်ရောက်လာခဲ့ကြသော တောင်သူလယ်သမားနှင့် မြေယာအသုံးချသူများအနက် (၇၀) ရာခိုင်နှုန်းခန့်မှာ ပြီးခဲ့သည့် (၅) နှစ်မှ (၁၅)

နှစ်တာကာလအတွင်း မြေယာအဓမ္မသိမ်းဆည်းခံခဲ့ရသူများ ဖြစ်ကြပြီး အချို့ဆိုလျှင် တစ်ဦးတည်းတွင်ပင် ကေပေါင်း (၃၀) ကျော်ခန့်အထိ လျော်ကြေးငွေ တစ်စုံတရာ လက်ခံရရှိခဲ့ခြင်းမရှိဘဲ သိမ်းယူခြင်း ခံခဲ့ကြရသည်။ စာရင်းမှတ်တမ်းများအရ မြေယာအများဆုံး သိမ်းယူခြင်းခံခဲ့ရသည့် မြို့နယ်များမှာ မွန်ပြည်နယ် ရေးမြို့နယ်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်များ ဖြစ်ကြသည်။ မြေယာပဋိပက္ခ အများဆုံး ဖြစ်သည့် မြေအမျိုးအစားမှာ ရာဘာခြံမြေများ ဖြစ်သည်။

''ကျွန်တော်တို့ သဲချောင်းကျေးရွာအုပ်စုမှာပဲ ကျွန်တော့်ခြံအသိမ်းခံခဲ့ရတုန်းက (၄၇) ယောက် အတူတူအသိမ်းခံခဲ့ရတယ်။ မြေယာမဲ့ခဲ့ကြပြီး အများစုက ယိုးဒယားဘက်ကို ထွက်တယ်။ ရရာအလုပ် လုပ်ခဲ့ကြတယ်။ အခုတောင် မပြန်နိုင်တဲ့ ရွာသားတွေ အများကြီး။ အဆိုးဆုံးထိတာကတော့ စိတ်ဓါတ်ပိုင်းဆိုင်ရာပဲ။ မြေပိုင်ရှင်ဘဝက ထား ထားတဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ တက်ကြွမှုတွေဟာ ဘာမှပြန်မရတော့ဘဲ အသိမ်းခံရတဲ့ မြေနဲ့အတူ အားလုံး မြုပ်ကုန်တယ်။ တော်ရုံစိတ်ဓာတ်ကြံ့ခိုင်ရုံနဲ့တော့ အခုထက်ထိ ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။ မျှော်လင့်ချက်တစ်ခုတည်းနဲ့ပဲ အသက်ဆက်ခဲ့ရတာ'' ဟု အသက် (၆၈) နှစ်အရွယ် သဲချောင်းကျေးရွာ အုပ်စုဇာတိဖြစ်ပြီး ခြံမြေကေပေါင်း (၃၀) ခန့် အသိမ်းခံခဲ့ရသူ ဦးစန်းမြင့်က ဖေဖော်ဝါရီလ (၁၄) ရက်နေ့ နံနက်ပိုင်းတွင် ပြောပြခဲ့သည်။

''သိမ်းလိုက်တဲ့ နောက်ပိုင်း ဘဝပျက်သလို ခံစားခဲ့ရတယ်။ စဉ်းစားကြည့်လေ။ ဓညင်းသီးဆို တင်းရာနဲ့ချီထွက်တဲ့ အဘိုးလက်ထက်က ခြံတွေပါ။ ဒီခြံတွေနဲ့ မိသားစုအဆက်ဆက် ရပ်တည်ခဲ့ကြတယ်။ ဒီခြံဟာ အစ်မတို့ရဲ့ စားရေး၊ နေရေး ဘဝရှင်သန်ရေးလည်း ဟုတ်သလို အလှူအတန်းလုပ်ဖို့၊ ကလေးတွေ ပညာရေးအတွက် ဝင်ငွေရှာပေးတဲ့ မြေလည်းဖြစ်တယ်။ ဒီမြေတွေ ဆုံးတော့ ဘဝဆုံးတာပေါ့။ မြေနဲ့ အသက်ဆက်တဲ့ မိသားစုအနေနဲ့ မြေမရှိရင် (အသက်) ရှင်စရာလည်း မရှိတော့ဘူး။ မြေယာလက်မဲ့ဘဝနဲ့ အမျိုးမျိုး အသက်ဆက်လာခဲ့တဲ့ဒုက္ခကို ခန့်မှန်းကြည့်ရင် သိမှာပါ။ ဒုက္ခ၊ သောကတွေဆိုတာ ပြောမထွက်နိုင်လောက်အောင်ကို အံကြိတ်ခံခဲ့ကြရတာပါ'' ဟု အသက် (၄၈) နှစ်အရွယ် ဒေါ်မီးပျို့က ပြောပါသည်။

၅) မြေယာသိမ်းယူခြင်းခံခဲ့ရသော တောင်သူလယ်သမားတို့၏ ဆန္ဒအသံများ

အစိုးရနှင့် ဥပဒေ၏ အကာအကွယ်ပေးမှုကို မရရှိခြင်း၊ ခိုင်မာပြီး အကျိုးထိရောက်သော သမဂ္ဂများ မဖွဲ့စည်းနိုင်ခြင်း၊ တရားဥပဒေစိုးမိုးမှု မရှိခြင်းတို့ကြောင့် အောက်ခြေလယ်သမားများမှာ မြေယာသိမ်းယူခံရခြင်းကြောင့် ဘဝပျက်သည်အထိ ကြုံတွေ့ခဲ့ကြသော်လည်း ၎င်းတို့၏ ဆန္ဒအသံများကို အသိအမှတ်ပြုပေးသူ မရှိချေ။ ယခုကဲ့သို့သော နှီးနှောဖလှယ်ပွဲများ၊ ဆွေးနွေးပွဲများတွင်သာ ၎င်းတို့၏ ဆန္ဒများ၊ မျှော်လင့်ချက်များကို ထုတ်ဖော်ပြောဆိုခွင့် ရရှိကြသည်။

ဤနှီးနှောဖလှယ်ပွဲတွင် မြေယာအရေးကို ဖြေရှင်းပေးနိုင်မည့် နည်းနာများ၊ ယန္တရားများကို ဆွေးနွေးနေစဉ်အတွင်း မြို့နယ်အလိုက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သက်ဆိုင်ရာဖြစ်စဉ်များကို ဥပမာများပေးပြီး တက်ကြွစွာ ဆွေးနွေးဖလှယ်သွားသည်ကို ထောက်ရှုခြင်းအားဖြင့် ၎င်းတို့အနေဖြင့် တရားမျှတမှုနှင့် အမှန်တရားရှာဖွေမှုအတွက် ဆန္ဒအာသီသများ မည်မျှကြီးမားသည်ကို ခန့်မှန်းနိုင်ပေသည်။

''အခုထက်ထိ တစ်နည်းနည်းနဲ့ ကိုယ့်မြေ ကိုယ့်လက်ထဲ ပြန်ရဖို့ကို မျှော်လင့်နေတုန်းပါ။ အဲဒီအတွက်ကြောင့် အခုလို တွေ့ဆုံပွဲကိုလာပြီး ပညာရှင်တွေ၊ အကြံဉာဏ်နည်းနာပေးနိုင်သူတွေနဲ့ ဘဝတူ မြေယာမဲ့တွေရဲ့ အခြေအနေတွေကို လေ့လာတာပါ။ ပြောချင်တာက ကိုယ့်မြေတွေကို တစ်နည်းနည်းနဲ့ ပြန်ရချင်တဲ့စိတ် အခုထက်ထိ ရှိနေတုန်းပဲ။ ဒါကြောင့် စစ်တပ်အနေနဲ့ ဒီမြေတွေကို မသုံးတော့ရင် ပြန်ပေးစေချင်ပါတယ်'' ဟု ဒေါ်မီးပျို့က ပြောပါသည်။

၆) မြေယာပြဿနာအတွက် လုပ်ဆောင်ရမည့် အနာဂတ် လုပ်ငန်းစဉ်များ

ဤနှီးနှောဖလှယ်ပွဲတွင် မြေယာပြဿနာအတွက် လုပ်ဆောင်ရမည့် အနာဂတ် လုပ်ငန်းစဉ်များကိုလည်း ဥပဒေပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် တောင်သူလယ်သမားများက ဆွေးနွေးတင်ပြခဲ့ကြသည်။

''မြေယာမဲ့ဘဝနဲ့ ဘဝပျက်ခဲ့တာတွေကို ပြန်ပြောရင် နာကျည်းစရာတွေ ဖြစ်လာတယ်။ အဓိကကတော့ ဖြစ်ပျက်ခဲ့တာတွေအတွက် မောရဝတီ ရေတပ်စခန်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှာ တာဝန်ရှိတယ်လို့ ပြောချင်တယ်။ ဒီအတွက် ကျွန်တော့်မြေယာကိစ္စအတွက် ထိုက်သင့်တဲ့ (ဖြစ်သင့်တဲ့) ဖြေရှင်းပေးမှုကို မျှော်လင့်နေတယ်။ နှစ်တွေကြာခဲ့ပေမယ့် တခြားမြေအသိမ်းခံ တောင်သူတွေနည်းတူ ကျနော်တို့ သဲချောင်းအုပ်စုက ခြံပိုင်ရှင်တွေ မျှော်လင့်နေဆဲဆိုတာကို သက်ဆိုင်သူတွေ သိစေချင်တယ်။ တရားမျှတတဲ့ ဘယ်လိုဖြေရှင်းပေးမှုမျိုးကိုမဆို ကျွန်တော်တို့ လက်ခံပါမယ်။ ဒီလိုဆွေးနွေးပွဲမျိုးကနေ မြေယာနဲ့ပတ်သက်တဲ့ ဥပဒေတွေကို လေ့လာမယ်။ အဓိကကတော့ ကိုယ့်လိုမျိုးခံခဲ့ရသူ တခြားဒေသက မြေရှင်တွေနဲ့ မိတ်ဖွဲ့မယ်။ သူတို့ ကြိုးစားရုန်းကန်နေပုံကို လေ့လာပြီး ကိုယ့်ကိစ္စမှာ ဘာတွေ ဆက်လုပ်ရမလဲဆိုတာ ပြင်ဆင်မယ်။ ပြောချင်တာက ဒီလိုပွဲမျိုးတွေကို တက်ရောက်လာခဲ့ကြတဲ့ မြေမတရားအသိမ်းခံခဲ့ကြရတဲ့ ကျွန်တော်တို့မှာ မျှော်လင့်ချက်တွေ ရှိနေသေးတယ်ဆိုတာကို သိစေချင်သလို ဖြေရှင်းပေးမယ့်နေ့ကို အမြန်ဆုံးရောက်ဖို့ ရုန်းကန်သွားမယ်ဆိုတာပါပဲ'' ဟု နှီးနှောဖလှယ်ပွဲတက်ရောက်လာသူတစ်ဦးက ပြောပါသည်။

''ပြီးခဲ့တုန်းက အခွင့်အရေးတွေကို ချိုးဖောက်ပြီးတော့ ရယူခဲ့တဲ့ မြေယာရယူမှုတွေအတွက်ကို ကျွန်တော်တို့က ပြန်လည်စဉ်းစားပေးဖို့ရယ်။ အဲဒီတော့ မြေယာပြန်လည်ခွဲဝေချထားရေးဆိုတဲ့ ပုံစံမျိုး စဉ်းစားပေးဖို့လိုတယ်။ နောက်တစ်ပိုင်းက တည်ဆဲဥပဒေတွေ အုပ်ချုပ်မှုတွေ စည်းမျဉ်းစည်းကမ်းတွေကို ပြင်ဖို့လိုတယ်။ အဲဒါတွေက ဘာလဲဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူ ပြည်သားအားလုံးအတွက် မျှတတဲ့ ဥပဒေတွေ စည်းမျဉ်းစည်းကမ်းတွေ ဖြစ်ဖို့လိုတယ်။ ဒါ့အပြင် နိုင်ငံတစ်နိုင်ငံရဲ့ ဒီမိုကရေစီအုတ်မြစ်ချရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ယုံကြည်မှုတည်ဆောက်ရေးတွေနဲ့လည်း ဆက်နွယ်နေတဲ့ အပိုင်းတွေဖြစ်တယ်။ ဒါတွေကိုလည်း တစ်ဖက်မှာ ကောင်းမွန်တဲ့ဆန္ဒနဲ့ အားလုံးပူးပေါင်းပါဝင်တဲ့ ဖြစ်စဉ်မျိုးနဲ့ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။ အဲလိုလုပ်မယ်ဆိုရင် မြေအပါအဝင် အခြားသော လူ့အခွင့်အရေးချိုးဖောက်တဲ့ ကိစ္စတွေအကုန်လုံးကို ကျွန်တော်တို့က ပင်မရေစီးကြောင်းထဲမှာ ထည့်သွင်းစဉ်းစားနိုင်ရင်တော့ ကျွန်တော်တို့

ထားတဲ့ဆန္ဒနဲ့ တန်ဖိုးထားမှုတွေ စံနှုန်းတွေဟာ ဒီမိုကရေစီ နည်းလမ်းကျနေတယ်။ လူ့အခွင့်အရေးကို လေးစားလိုက်နာနေတယ်ဆိုရင် အဲဒီအပေါ်မှာ အခြေခံပြီးတော့ ဘယ်လိုဖြစ်သင့်သလဲ၊ မူဝါဒတွေက ဘယ်လိုဖြစ်သင့်သလဲ၊ ဥပဒေတွေ ဘယ်လိုရေးဆွဲမယ် ဆိုတာကို ပြည်သူတွေကိုယ်၌က ဆုံးဖြတ်ချက်ချနိုင်တယ်။ ပြည်သူတွေ ကိုယ်တိုင်ပါဝင်ပြီးတော့ စဉ်းစားနိုင်တဲ့ အခင်းအကျင်းမျိုး ဖန်တီးပေးဖို့လိုတယ်။ ဒီလိုမှမဟုတ်ဘူးဆိုရင်တော့ ဘယ်လောက်ပဲ ကောင်းမွန်တဲ့ မူဝါဒတွေ ဥပဒေတွေလုပ်လုပ် ပြည်သူတွေရဲ့ လက်တွေ့ဘဝနဲ့ အမြဲတမ်းဝေးကွာနေမဲ့ အနေအထားမှာရှိတယ် '' ဟု ကိုငြိမ်းဇာနည်နိုင်ကပြောပါသည်။

''နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီ မြေယာမူဝါဒတစ်ခုခုဖြစ်ဖြစ် ဥပဒေတစ်ခုခုဖြစ်ဖြစ် ရေးဆွဲဖို့ဆိုတာက ကျွန်တော်တို့မှာ တောင်သူတွေရဲ့ဘဝ အာမခံချက် လုံခြုံမှုရှိအောင် သူတို့ရဲ့အသံတွေနဲ့ ဒုက္ခရောက်နေတဲ့ ဖြစ်ပျက်နေတာတွေ အသံတွေကို မူဝါဒအဖြစ်သတ်မှတ်ရမယ်။ သတ်မှတ်ပြီးတဲ့အခါမှာ တိုင်းပြည်မှာရှိတဲ့ တည်ဆဲဥပဒေတွေနဲ့ ညှိရမယ်။ တိုင်းပြည်ထဲမှာ တည်ဆဲဥပဒေတွေ မရှိရင် အိမ်နီးချင်းတိုင်းပြည်တွေထဲက ဥပဒေတွေနဲ့ ညှိနှိုင်းရတယ်။ ညှိနှိုင်းပြီးတော့မှ ဘယ်လိုပြဿနာတွေ ဖြေရှင်းမလဲ။ ဒီလိုမှ မလုပ်နိုင်သေးရင်လည်း တောင်သူလယ်သမားတွေဆိုတာ ကျွန်တော်တို့ တိုင်းပြည်မှာ (၃) ကေ နဲ့ (၆) ကေ စိုက်ပျိုးတဲ့ တောင်သူတွေ (၆၅) ရာခိုင်နှုန်းရှိတယ်။ သူတို့ရဲ့ဘဝလုံခြုံမှုနဲ့ အာမခံမှုရှိအောင် ဥပဒေနဲ့ အကာအကွယ်ပေးပြီးမှ တိုင်းပြည်ထူထောင်ရမှာ ဖြစ်တဲ့အတွက် အဲလိုတိုင်းပြည်တွေက ဘယ်တိုင်းပြည်တွေရှိသလဲ။ အဲဒီတိုင်းပြည်တွေက ဥပဒေတွေကိုလည်း လေ့လာရဦးမယ်။ ဥပမာ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့လို၊ အဲလိုဥပဒေတွေကို ပြန်လေ့လာပြီးတော့ တောင်သူလယ်သမားတွေအတွက် အာမခံချက်ရှိလောက်အောင် ဥပဒေတွေ ပြဋ္ဌာန်းပီး အကာအကွယ်အရင်လုပ်ရဦးမယ်။ ပြီးတော့မှ ကျွန်တော်တို့ လယ်ယာမြေတွေကို အရင်းအနှီးများများနဲ့ တောင်သူတွေရဲ့ ဘဝလုံခြုံမှုနဲ့ အာမခံချက်ရှိအောင် အလုပ်လက်မဲ့မဖြစ်အောင် ကျွန်တော်တို့က အကာအကွယ်ပေးပြီးမှ ဥပဒေတစ်ခု ပြန်ပြီးပြဋ္ဌာန်းရမယ်'' ဟု ဦးမြင့်သွင်က အကြံပြုပါသည်။

''ကျွန်တော်အကြံပေးချင်တာက ရင်းနှီးမြှုပ်နှံမှု တစ်ခုခုဝင်လာပြီဆိုရင် ဝင်လာမယ့်အချိန်ကို သိနေရမယ်။ သိနေတဲ့အတွက် လူမှုအဖွဲ့အစည်းတွေ ပါတီအဖွဲ့အစည်းတွေ အစိုးရဌာနတွေ တိုင်းရင်းသားခေါင်းဆောင်တွေက မိရိုးဖလာဓလေ့မပျက်စိုက်ပျိုးနေတဲ့ သူတွေကို အာမခံချက်ရှိအောင် မြေနဲ့ပက်သက်တဲ့ အထောက်အထားခိုင်မာအောင် ချက်ချင်းကူညီပေးရမယ်။ လုပ်ပိုင်ခွင့်မှတ်ပုံတင် ပုံစံ (၇) ရအောင်လုပ်ရမယ်။ ပုံစံ (၇) ရမှ သားစဉ်မြေးဆက်ခိုင်မာမှာဖြစ်တဲ့အတွက် အထောက်အထား ခိုင်မာအောင်လုပ်ပေးကြဖို့ လိုတယ်။ အထောက်အထားမရှိရင်တော့ အားနည်းချက်ရှိတယ်။ ကိုယ်ကလည်း ဥပဒေဘောင်ထဲမှာနေရမယ်။ ဥပဒေကိုလိုက်နာရမယ်။ ဥပဒေအကာအကွယ်နဲ့ ဥပဒေကပေးတဲ့ ရပိုင်ခွင့်ကိုလည်း ရအောင်ယူရမယ်'' ဟု ဓင်းတရားလွှတ်တော်ရှေ့နေက ပြောပါသည်။

အထက်ပါအကြောင်းအရာ ဆွေးနွေးချက်များသည် မြန်မာတစ်နိုင်ငံလုံးရှိ မြေယာပြဿနာများကို ခြုံငုံစဉ်းစား၍ ပြောဆိုဆွေးနွေးသော တင်ပြချက်များမဟုတ်ဘဲ ၂၀၁၆ ဖေဖော်ဝါရီလ (၁၄) နှင့် (၁၅) ရက်များတွင် ပြုလုပ်ကျင်းပခဲ့သော သံလွင်အရှေ့ခြမ်း မွန်ဒေသရှိ တောင်သူလယ်သမားများနှင့် မြေယာအသုံးချသူများ နှီးနှောဖလှယ်ပွဲအတွင်း ဆွေးနွေး ပြောဆိုခဲ့သည်များကို ပြန်လည်သုံးသပ် တင်ပြခြင်းသာဖြစ်သည်။

နှီးနှောဖလှယ်ပွဲအပြီးတွင်လည်း တောင်သူလယ်သမားများ၊ ခြံပိုင်ရှင်များ၊ မြေယာပိုင်ရှင်များ၊ ဥပဒေပညာရှင်များနှင့် တက်ကြွလှုပ်ရှားသူများက အချက် (၉) ချက်ပါသော ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ဤနှီးနှောဖလှယ်ပွဲမှ ရရှိလာသော အချက်အလက်များနှင့် အကြံပြုချက်များသည် အနာဂတ် မြေယာပြဿနာ ဖြေရှင်းရာတွင် အထောက်အကူတစ်စုံတရာ ဖြစ်လာမည်ဟု မွန်ပြည်လူ့အခွင့်အရေးက ယုံကြည်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့်ထားရှိကာ ထူထောင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော လူ့အခွင့်အရေးအဖွဲ့တဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ဝန်ထမ်းများ ဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသား လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာစေရန် လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အစီရင်ခံစာများ ထုတ်ဝေခြင်းဖြင့် တွန်းအား ပေးလျှက်ရှိသည်။ မွန်လူထုအသံဟူသော လူ့အခွင့်အရေးစာစောင်ကို ပုံမှန်ထုတ်ဝေလျှက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ များကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျှက် ရှိသည်။

ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျှက်ရှိသည်။ သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ် စိစစ်အတည်ပြုမှုများ ဆောင်ရွက်နေရသဖြင့် အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက စာဖတ်သူ မိတ်ဆွေများအနေဖြင့် နားလည်ပေးစေလိုကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ပန်ကြားအပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်ဖြစ်စေ၊ စာစောင်များအား လက်ခံရယူ လိုလျှင်ဖြစ်စေ အောက်ပါလိပ်စာအတိုင်း လိပ်မူပြီး ပေးပို့တောင်းခံနိုင်ပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
The official website of Human Rights Foundation of Monland
www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို မော်လမြိုင်တွင် ကျင်းပ

မတ် ၉၊ ၂၀၁၆
အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ၂၀၁၆ ခုနှစ် မတ်လ (၉) ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့ပြီး လူအင်အား (၂၀၀) ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို မော်လမြိုင် အသက်မွေးမှုပညာ သင်ကျောင်းတွင် ရန်ကုန်အခြေစိုက် ဖန်တီးအိမ်အဖွဲ့က ဦးဆောင် ကျင်းပခဲ့ခြင်း ဖြစ်သည်။ အခမ်းအနားတက်ရောက်သူများတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ကုလသမဂ္ဂအမျိုးသမီးအဖွဲ့၊ ဥရောပကော်မရှင် အဖွဲ့၊ World Vision, Marie Stopes International, Trocaire နှင့် မဟေသီ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ ကိုယ်စားလှယ်များ လည်း ပါဝင်သည်။

သက်ဆိုင်ရာ အစိုးရဌာနများမှ အရာရှိများနှင့်အတူ မော်လမြိုင် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင် လည်း တက်ရောက်ခဲ့သည်။

ဖန်တီးအိမ်မှ Co-ordinator ဒေါ်ခင်လေးနွယ်ထွန်းက အမျိုးသမီးများအပေါ် ခွဲခြားမှုအားလုံး ပပျောက်ရေး သဘောတူ စာချုပ် (the Elimination of all Forms of Discrimination against Women – CEDAW) အကြောင်း ရှင်းပြရင်း အခမ်းအနားအဖွင့် မိန့်ခွန်းကို ပြောကြားခဲ့ပြီး စာရေးဆရာ ဦးဟွေ့ဉာဏ်ကလည်း ‘ကျားမတန်းတူ ကမ္ဘာတစ်ဝှမ်း’ ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြော ခဲ့ပါသည်။

စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က “ဒီအခမ်းအနားရဲ့ ရည်ရွယ်ချက်က အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍနဲ့ သူတို့ရဲ့ အောင်မြင်မှုတွေကို အသိအမှတ်ပြုဖို့၊ အမျိုးသမီးတွေရဲ့ စွမ်းရည်တွေကို မြှင့်တင်ပေးဖို့နဲ့ အမျိုးသမီးများရင်ဆိုင်နေရတဲ့ ပြဿနာ များကို ဖြေရှင်းရာမှာ ပူးပေါင်းဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

ကရင်ပြည်နယ် ဘားအံမြို့၊ ရှမ်းပြည်နယ် လားရှိုး၊ ကလေးမြို့များနှင့် ကယားပြည်နယ် လွိုင်ကော်မြို့တွင်လည်း အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ပြုလုပ်ကျင်းပခဲ့သည်။

ယခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာအမျိုး သမီးများနေ့သည် (၁၀၅) ကြိမ်မြောက်ဖြစ်ပြီး ပထမဦးဆုံးသော အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် အမျိုးသမီးများ မဲပေးခွင့်ရရှိရေး၊ အလုပ်ချိန်လျှော့ချပေးရေး နှင့် လုပ်ခလစာ တိုးမြှင့်ပေးရေးတို့အတွက် နယူးယောက်မြို့ရှိ အထည်ချုပ်စက်ရုံများမှ အမျိုးသမီး တစ်သောင်းကျော်က ချီတက် ဆန္ဒပြခဲ့ခြင်းကို အစပြု၍ အမျိုးသမီးများနေ့ ပေါ်ပေါက်လာခြင်း ဖြစ်သည်။